# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၉/၂၀၂၂

**၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ သတင်းခေါင်းစဉ်များ**

## ပြည်တွင်းဈေးကွက်

- ပခုက္ကူကြက်သွန်နီဈေးကွက်အတွင်း လက္ကားတစ်ပိဿာ ၃၂၀၀ ကျပ်ဝန်းကျင်ထိရောက်ရှိပြီး လက်လီဈေးကွက်တွင် တစ်ပိဿာ ကျပ် ၄၀၀၀ ဝန်းကျင်ပေါက်ဈေးရှိ
- မန္တလေးပဲ၊ နှမ်း ဈေးကွက်တွင် ပဲလွန်းဖြူနှင့်ပဲကြား အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးနှုန်းအတက်ဘက်ရောက်လာ
- ကယားပြည်နယ်ထွက် မက်ခါသီး ဈေးကောင်းလျက်ရှိ

## နိုင်ငံတကာဈေးကွက်

- ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု တန်ချိန် (၆ ဒသမ ၅) သန်းသို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထား
- ဗီယက်နမ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနက စက်သုံးဆီဆိုင်ရာစည်းကြပ်ကောက်ခံသည့်အခွန် (Petrol Tax) များ လျှော့ချကောက်ခံမည့် အစီအစဉ်အား လွှတ်တော်သို့တင်ပြမည်
- အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီရောင်းလိုအား တိုးမြှင့်မည့် အလားအလာကြောင့် ကမ္ဘာ့စားအုန်းဆီဈေးနှုန်း ကျဆင်းခဲ့
- ရုရှားနိုင်ငံမှ ဂျုံ တန်ချိန် ၅ သိန်း တင်သွင်းရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံစီစဉ်
- တရုတ်နိုင်ငံ၏စံချိန်စံညွှန်းဆိုင်ရာ မဟာဗျူဟာ ၂၀၃၅ – နိုင်ငံခြားကုမ္ပဏီများအတွက် လတ်တလော ဖွံ့ဖြိုးတိုးတက်မှုများနှင့် သက်ရောက်မှုများ
- ဂျာမနီနိုင်ငံတွင် ဆောင်းရာသီဓာတ်ငွေ့သုံးစွဲမှုအတွက် အစီအစဉ်များချမှတ်
- ရုရှားနိုင်ငံမှရေနံအစား ဆော်ဒီနိုင်ငံ၏ရေနံ အာရှဝယ်ယူမှုများလာ
- ဂျာမနီနိုင်ငံရှိ မြန်မာသံရုံး၊ စီးပွားရေးသံမှူးမှ German Coffee Association နှင့် တွေ့ဆုံဆွေးနွေး

## ပြည်တွင်းကုန်သွယ်မှုသတင်း

- လယ်ယာသုံးစက်ပစ္စည်းကိရိယာနှင့် အကျုံးဝင်သည့်ကုန်စည်လိုင်းများအား သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထုတ်ပြန်
- အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာဧက ၁၁၂၀၀ လျာထားစိုက်ပျိုးမည်
- ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်း လိုင်စင်လျှောက်ထားသူများကို ပျားမွေးမြူရေးအတတ်ပညာ စစ်ဆေးပြီး တတ်မြောက်မှသာလိုင်စင်ထုတ်ပေးမည်

## ပြည်ပကုန်သွယ်မှုသတင်း

- မြန်မာနိုင်ငံမှ မတ်ပဲခြမ်း အိန္ဒိယနိုင်ငံ၏ ပဲဈေးကွက်တင်ပို့ရန်
- မြန်မာ–ရုရှား နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်နိုင်ရန် မော်စကိုမြို့၌ ကျင်းပမည့် ခရီးသွားလုပ်ငန်း ပြပွဲ သို့ ပါဝင်ပြသမည်
- ထောပတ်သီးကိုပြည်ပနိုင်ငံများသို့လာမည့်ထောပတ်သီးရာသီတွင် တွင်ကျယ်စွာတင်ပို့ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်နေ
- ရေချိုငါးမြစ်ချင်းများ သားဖောက်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရန် ဆောင်ရွက်မည်

## အထူးဆောင်းပါးများ

- အာရှစပါး အထွက်နည်းမည်ဟု ခန့်မှန်း

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၃၆
http://www.myantrade.org
myantradetir2018@gmail.com

- တရုတ်နှင့် ရုရှား နှစ်နိုင်ငံကုန်သွယ်မှု ပုံမှန်ရှိနေဆဲဖြစ်ပြီး နောင်တွင် ထပ်မံတိုးလာနိုင်ကြောင်း ရုရှားသည် ဇူလိုင်လတွင် တတိယအကြီးဆုံး ယွမ်ငွေပေးချေမှု ဈေးကွက်ဖြစ်လာကြောင်း သုံးသပ်သူများကဆို

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ပခုက္ကူကြက်သွန်နီဈေးကွက်အတွင်း လက္ကားတစ်ပိဿာ ၃၂၀၀ ကျပ်ဝန်းကျင်ထိ ရောက်ရှိပြီး လက်လီဈေးကွက်တွင် တစ်ပိဿာ ကျပ် ၄၀၀၀ ဝန်းကျင်ပေါက်ဈေးရှိ

ပခုက္ကူကြက်သွန်နီဈေးကွက်အတွင်း ယခုစက်တင်ဘာလဆန်းပိုင်းတွင် ကြက်သွန်နီတစ်ပိဿာ ၃၂၀၀ ကျပ် ဝန်းကျင်ထိရောက်ရှိနေပြီး လက်လီဈေးကွက်တွင် ကျပ် ၄၀၀၀ နီးပါးထိ မြင့်တက်နေကြောင်း ရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှ သိရသည်။

ကြက်သွန်ဈေးနှုန်း ဆက်တိုက်မြင့်တက်နေသော်လည်း တောင်သူများထံတွင် ကုန်လက်ကျန်နည်းပါးပြီး နယ်မြေမတည်ငြိမ်မှုကြောင့် လာရောက်ရောင်းချသူနည်းပါးကြောင်း ကုန်သည်များထံမှ သိရသည်။ ပခုက္ကူကြက်သွန်ဈေးကွက်သို့ ပိဿာချိန် ၃၅၀၀၀ ဝင်ရောက်သည့် စက်တင်ဘာလ ၃ ရက်နေ့ ဈေးကွက်တွင် ဂွန်သေး တစ်ပိဿာ ၁၉၀၀ – ၂၂၀၀ ကျပ် ၊ ဂွန်လတ်တစ်ပိဿာ ၂၃၀၀ – ၂၆၀၀ ကျပ်နှင့် ဂွန်ကြီးတစ်ပိဿာ ၂၇၀၀ – ၃၂၀၀ ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။

“ကြက်သွန်ဈေးက တစ်ပိဿာ ကျပ် ၃၀၀၀ ကျော်တာ တစ်ပတ်လောက်ရှိပြီ။ လက်ရှိလည်း အမြင့်ဈေးမှာပဲရှိတယ်။ အဝယ်ကတော့မှန်မှန်ရှိတယ်။ ပေါက်ဈေးအတိုင်းရောင်းနိုင်ရင် အရောင်းအဝယ်ဖြစ်တယ်။ တစ်ချို့တောင်သူက လက်ရှိဈေးထက်ပိုလိုချင်လို့မရောင်းနိုင်တာ အနည်းအကျဉ်းတော့ရှိတယ်။ ချောင်းကြက်သွန်အနေနဲ့က ရာသီသိမ်းခါနီးပြီ။ အသစ်ပေါ်ဖို့ကလည်းဝေးသေးတော့ လက်ကျန်နည်း အဝယ်များပြီး ဈေးတန်းကမြင့်နေတာ” ဟု ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောသည်။ လာမည့်မိုးကုန်ကာလတွင် မြစ်ရေဝင်ကျွန်းမြေများ၌ ကြက်သွန်စိုက်ပျိုးမည့် တောင်သူများမှ မျိုးဥများဝယ်ယူနေခြင်းနှင့် စားသုံးသူများ ဝယ်ယူမှုများပြားခြင်းကြောင့် လက်လီဈေးကွက်တွင် တစ်ပိဿာ ၄၀၀၀ ကျပ်ထိ ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ မိုးကြက်သွန်သမားက ပျိုးထောင်နေပြီ။ ဥစိုက်ဆိုတော့ ပျိုးထောင်ရမဲ့ ကြက်သွန်ဥကြီးတွေ အဓိကဝယ်နေရတယ်။ ဈေးကွက်ထဲလည်း သိပ်မပေါ်ဘူး။ လက်ရှိဈေးက ကောင်းတော့ စိုက်မဲ့သူများတယ်။ ပျိုးဈေးကြီး မြေဩဇာဈေးကြီးပေမဲ့ ကြက်သွန်ဈေးကောင်းနေတော့ မိုးကြက်သွန်က စိုက်ကြမှာပါ”ဟု ကျွန်းစိုက်ပျိုးရေး လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းထိ ချောင်းကြက်သွန်နှင့် မိုးကြက်သွန်မှာ တစ်ပိဿာ ၇၀၀ ကျပ်အောက်ဖြင့်ရောင်းချခဲ့ရသည့်အတွက် တောင်သူများစိုက်ပျိုးစရိတ်ဆုံးရှုံးမှု များပြားကြောင်းသိရသည်။ ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ယခုနှစ် နှစ်လယ်ပိုင်းမှစ၍ ကြက်သွန်ဈေးနှုန်း ဆက်တိုက်မြင့်တက်ခဲ့သော်လည်း ကြက်သွန်စိုက်ပျိုးသည့်နယ်မြေများတွင် မတည်ငြိမ်မှုဖြစ်ပေါ်နေပြီး စိုက်ပျိုးရေး လုပ်ကိုင်ရန် အခက်အခဲများ ကြုံတွေ့နေကြောင်း သိရသည်။

Source: https://news-eleven.com/article/236793

### မန္တလေးပဲ၊ နှမ်း ဈေးကွက်တွင် ပဲလွန်းဖြူနှင့်ပဲကြား အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးနှုန်းအတက်ဘက်ရောက်လာ

မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ပဲလွန်းဖြူနှင့် ပဲကြားအရောင်းအဝယ် ကောင်းမွန်လာပြီး ဈေးနှုန်း အတက်ဘက်ရောက်လာကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ပဲလွန်းဖြူနှင့် ပဲကြားကို ပြည်တွင်းဈေးကွက်အတွင်းက ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ လက်ရှိတွင် ပဲလွန်းဖြူနှင့် ပဲကြားများကို ကုန်သည်များဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။ “ ပဲလွန်းဖြူနဲ့ ပဲကြားက အရင်တစ်ပတ်လောက်က အရောင်းအဝယ် သိပ်ပြီးမကောင်းတာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ လက်ရှိမှာတော့ အရောင်းအဝယ်ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်” ဟု ဦးစက်မောင်ဆွေက ပြောပြသည်။ မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ဩဂုတ်လ ၂၂ ရက်ပေါက်ဈေးအရ ပဲလွန်းဖြူ သုံးတင်းဝင်

တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ သာရှိခဲ့သော်လည်း ယနေ့ ၂၉ ရက်ပေါက်ဈေးအရ ပဲကြား သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၁၅၀၀၀ ထိရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

Source: ရတနာပုံသတင်းစာ

## ကယားပြည်နယ်ထွက် မက်ခါသီး ဈေးကောင်းလျက်ရှိ

မက်ခါသီးသည် ကယားလူမျိုးစု၏ မရှိမဖြစ်အသုံးပြုသည့် ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်သည်။ မက်ခါသီးကို ကယားပြည်နယ်၏ကယားလူမျိုးများ အများစုနေထိုင်ရာ လွိုင်ကော်မြို့နယ် ချိကယ်၊ ဒီးမော့ဆိုမြို့နယ် ဒေါင်ခါး၊ ဒေါရောက်ခူ၊ ဒေါတမကြီး၊ ဖရူဆိုမြို့နယ်ရှိ ကျေးရွာများတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသည်။ မက်ခါသီးကို ဒေသအလိုက် အခေါ်အဝေါ်များရှိပြီး မြန်မာအခေါ် (သီဟရာဇာ)၊ ကချင်အခေါ် (ဂျင်ဖောင်ဂလ)၊ ကယားအခေါ် (မက်ခါသီး)၊ တရုတ်အခေါ် (ချွမ်းဝှားကျောင်း)စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ် ကြပြီး တရုတ်ပြည်မကြီး ချွမ်းဒေသလူမျိုးများက မက်ခါသီးကို အကြော်အနှပ်၊ အသားကင်များတွင်မပါမဖြစ် ဟင်းခတ်အမွှေးအကြိုင်အဖြစ်သုံးစွဲကြသည်။ မက်ခါသီးသည်တစ်နှစ်လျှင် ခြောက်လတစ်ကြိမ်သီးပြီး ဇူလိုင်လဆန်းပိုင်းမှစ၍ မက်ခါသီးစပေါ်ပြီး မက်ခါသီးအစိမ်းကို အသားများ၊ အူများ အညှီနံ့ပျောက်စေရန် ထည့်ပြုတ်ခြင်းဖြင့် သားငါးအညှီနံ့ပျောက်ကြောင်း၊ ရင့်မှည့်သည့်မက်ခါသီးများကိုခူး၍ အခြောက်လှန်းပြီး အသီးများခြောက်သွေ့သွားလျှင်အမှုန့်ပြုလုပ်၍ ဟင်းခတ်အမွှေးအကြိုင်အဖြစ်အသုံးပြုကြသည်။ မက်ခါသီးအရသာမှာ ငရုတ်ကောင်းနှင့်ဆင်တူ၍ အရသာက လျှာကိုထုံပြီး ပူရှိန်းပူရှိန်းဖြစ်ကာ ငရုတ်ကောင်းထက်ပို၍ထုံသောကြောင့် တိုင်းရင်းသားလူမျိုးများ ဒေသဟင်းခတ်အမွှေးအကြိုင်အဖြစ် နှစ်ခြိုက်စွာသုံးစွဲကြသည်။

ကယား/ကယန်းလူမျိုးများက မက်ခါသီးကို ဟင်းချက်ရာတွင်လည်းကောင်း၊ ရိုးရာ ကယား/ကယန်း ဆန်ပြုတ်၊ ကယား/ကယန်း ဝက်အူချောင်း၊ ကယားတာလပေါ့ဟင်း၊ ပဲပုပ်ထောင်း၊ အသားဟင်းများတွင် မက်ခါသီးမှုန့် ထည့်ခြင်းဖြင့် အသားအရသာပိုကောင်းမွန်ပြီး အညှီနံ့လည်းပျောက်စေသဖြင့် မက်ခါသီးမှာ ရိုးရာဟင်းလျာတို့၏ အဓိကကျသော အသီးတစ်မျိုးဖြစ်၍ ဈေးကွက်တွင်လည်း မက်ခါသီး အသီးအစို၊ အခြောက်၊ အမှုန့်ဈေးကောင်းပြီး ယခုနှစ်လက်ရှိ မက်ခါသီးခြောက် နို့ဆီဘူးတစ်လုံးလျှင် ၂၅၀၀ ကျပ်၊ အမှုန့် ၇၀ ဂရမ်ပါ တစ်ဘူးလျှင် ၁၅၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိပြီး ယခင်နှစ် မက်ခါသီးခြောက် နို့ဆီဘူးတစ်လုံးလျှင် ၁၅၀၀ ကျပ်၊ အမှုန့် ၇၀ ဂရမ်တစ်ဘူးလျှင် ၁၀၀၀ကျပ်သာရှိခဲ့ပြီး ယခင်နှစ်တွင် မက်ခါသီးခြောက် နို့ဆီဘူး တစ်လုံးလျှင် ၁၀၀၀ ကျပ်၊ အမှုန့်တစ်ဘူးလျှင် ၅၀၀ ကျပ်ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း၊ ဈေးနှုန်းမြင့်တက်လာရခြင်းမှာ ဒေသတွင်းတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများ အနည်းငယ်ရှိခြင်းကြောင့်ဖြစ်သည်ဟု နောင်ယားဈေးရှိ မက်ခါသီးရောင်းချသူတစ်ဦးထံမှ သိရသည်။ ခင်မြို့ရီ(စားသုံးသူ၊ကယား)

Source: commerce.gov.mm

# နိုင်ငံတကာဈေးကွက်

## ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု တန်ချိန် ( ၆ဒသမ ၅) သန်းသို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထား

ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ပြီးခဲ့သည့်နှစ်က တန်ချိန် (၆ ဒသမ ၂၄) သန်းခန့်ရှိခဲ့ရာမှ ယခုနှစ်တွင် ကမ္ဘာ့ဆန်ဝယ်လိုအားကြောင့် ဆန်တင်ပို့မှု တန်ချိန် (၆ ဒသမ ၃) သန်းမှ (၆ ဒသမ ၅) သန်းခန့်သို့ တိုးတက်နိုင်ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ် လက်ရှိအချိန်ထိ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် အားကောင်းစွာဖြင့် တိုးတက်လာခဲ့ပြီး၊ အဆိုပါတိုးတက်မှု အရှိန်အဟုန်သည် ယခုနှစ် လက်ကျန်ကာလတွင် ဆက်လက်တည်ရှိနေမည်ဟု မျှော်မှန်းထားကြောင်း ဗီယက်နမ်စားသောက်ကုန်အသင်း ဥက္ကဋ္ဌဖြစ်သူ Nguyen Ngoc Nam က ပြောကြားခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့တတိယအများဆုံး ဆန်တင်ပို့သူအဖြစ် ရပ်တည်နေပါသည်။ ယခုနှစ် ပထမ (၈) လတွင် ဗီယက်နမ်နိုင်ငံ၏ ဆန်သဘော်တင်ပို့မှုမှာ နှစ်အလိုက်နှိုင်းယှဉ်လျှင် (၁၉) ရာခိုင်နှုန်း တိုးလာခဲ့ပြီး၊ တန်ချိန် (၄ ဒသမ ၇) သန်းရှိခဲ့ပါသည်။ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် ပိုမိုမြင့်မားလာခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ဆန်စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများစွာ၌ ထုတ်လုပ်မှုကို ထိခိုက်စေခဲ့ခြင်းတို့ကြောင့် လာမည့်လများတွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်းထားပါသည်။ ကမ္ဘာ့ငွေကြေးဖောင်းပွမှု ဖိအားများနှင့်အတူ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အထူးသဖြင့် ဓါတ်မြေဩဇာဈေးနှုန်းမှာ သိသိသာသာ မြင့်တက်လာခဲ့ကြောင်း၊ တရုတ်၊ အိန္ဒိယနှင့် ဥရောပနိုင်ငံအချို့တို့တွင် မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းဖြစ်စဉ်များကို ကြုံတွေ့ခဲ့ရခြင်းသည် ကမ္ဘာ့စားနပ်ရိက္ခာထောက်ပံ့ရေး ကွင်းဆက်အပေါ် သက်ရောက်မှုရှိနိုင်ကြောင်း Nguyen Ngoc Nam က ပြောကြားပါသည်။

၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ဆန်အများဆုံးတင်ပို့သည့် စျေးကွက်အဖြစ် ဖိလစ်ပိုင်နိုင်ငံက ဆက်လက်ရပ်တည်နေမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့်လည်း ဗီယက်နမ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဆန်တန်ချိန်စုစုပေါင်း (၃၃၀,၀၀၀) ကိုဝယ်ယူ၍ (၃) လအတွင်း တင်သွင်းသွားရန် သဘောတူညီချက်ရရှိထားကြောင်း သိရပါသည်။

ရင်းမြစ် – https://www.bangkokpost.com/business/2380226/vietnam-2022-rice-exports-seen-rising-to-6-3-6-5m-tonnes

Source: ကျော်စိန်ဝင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (STP)

## ဗီယက်နမ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနက စက်သုံးဆီဆိုင်ရာစည်းကြပ်ကောက်ခံသည့်အခွန် (Petrol Tax) များ လျော့ချကောက်ခံမည့် အစီအစဉ်အား လွှတ်တော်သို့တင်ပြမည်

ကမ္ဘာအနှံ့အပြားတွင် စက်သုံးဆီစျေးနှုန်းများ မြင့်တက်လျက်ရှိရာ နိုင်ငံအသီးသီးမှ အစိုးရတို့သည် နည်းလမ်းများစွာအသုံးပြု၍ စက်သုံးဆီစျေးနှုန်းမြင့်တက်မှုမရှိစေရေးနှင့် စျေးနှုန်းသင့်တင့်စေရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြရာ ဗီယက်နမ်နိုင်ငံအစိုးရအနေဖြင့် စက်သုံးဆီဆိုင်ရာ စည်းကြပ်ကောက်ခံသည့် အခွန်အခ (Petrol Tax) များအား လျော့ချကောက်ခံသွားမည့် အစီအစဉ်ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ဗီယက်နမ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီဆိုင်ရာ စည်းကြပ်ကောက်ခံသည့် အခွန်အခများလျော့ချကောက်ခံမည့် အစီအစဉ်အား ခွင့်ပြုချက်ရရှိစေရန် လာမည့်အောက်တိုဘာလတွင် ကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံအစိုးရအနေဖြင့် စက်သုံးဆီလက်လီစျေးနှုန်းလျှော့ချနိုင်ရေး အစီအစဉ်အား လွှတ်တော်သို့ တင်ပြရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဇူလိုင်လ ၁၈ ရက်နေ့ ညွှန်ကြားခဲ့ပါသည်။

အထူးသဖြင့် ဗီယက်နမ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီအပေါ် လက်ရှိစည်းကြပ် ကောက်ခံလျက်ရှိသည့် ယစ်မျိုးခွန် (Excise Tax) နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် စည်းကြပ်ကောက်ခံသည့် ထပ်ဆင့်တိုးတန်ဖိုးမြှင့်ခွန် (Value-Added Tax-VAT) တို့အား ဖြတ်တောက် လျှော့ချခြင်း အစီအစဉ်အား သုံးသပ်တွက်ချက်စေရေးနှင့် အဆိုပါလျှော့ချမှုကြောင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (State Budget)အပေါ် အကျိုးသက်ရောက်မှုများအား စိစစ်သုံးသပ်သွားရေးတို့ကို ဂရုတစိုက်ဆက်လက်လုပ်ဆောင်သွားရန် ညွှန်ကြားခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ လက်ရှိစက်သုံးဆီ လက်လီစျေးနှုန်းစနစ်များတွင် စက်သုံးဆီ တစ်လီတာစျေးနှုန်းအတွက် အခွန်အကောက် ၄ မျိုး လွှမ်းခြုံပါဝင်ကြောင်းနှင့် အဆိုပါအခွန်အကောက်များမှာ သွင်းကုန်အခွန် (Import Tax) ၁၀ ရာခိုင်နှုန်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုအပေါ် စည်းကြပ်ကောက်ခံသည့် ထပ်ဆင့်တိုး တန်ဖိုးမြှင့်အခွန် (Value-Added Tax-VAT) ၁၀ ရာခိုင်နှုန်း၊ တစ်လီတာလျှင် သဘာဝပတ်ဝန်းကျင်ကာကွယ်မှုဆိုင်ရာအခွန် (Environmental Protection Tax) ဗီယက်နမ်ဒေါင် ၁,၀၀၀ တို့ပါဝင်ပြီး ယစ်မျိုးခွန် (Excise Tax) အနေဖြင့် ဓါတ်ဆီအမျိုးအစားများဖြစ်ကြသည့် RON 95 အတွက် ၁၀ ရာခိုင်နှုန်း၊ E5 အတွက် ၈ ရာခိုင်နှုန်းနှင့် E10 အတွက် ၇ ရာခိုင်နှုန်းစည်းကြပ်ကောက်ခံလျက်ရှိကြောင်းနှင့် ရေနံနှင့် ဓာတုထွက်ကုန်ပစ္စည်းများကိုမူ အဆိုပါအခွန်များ စည်းကြပ်ကောက်ခံခြင်းတို့မှ ကင်းလွတ်ခွင့်ပြုထားပါသည်။

ဗီယက်နမ်နိုင်ငံတွင် ရေနံထွက်ကုန်ပစ္စည်းများအတွက် စုစုပေါင်း အခွန်အကောက်နှင့် အခြားကုန်ကျ စရိတ်များသည် စက်သုံးဆီ လက်လီစျေးနှုန်း ၏ ၂၈ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ ပါဝင်ကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံ စက်သုံးဆီရောင်းဝယ်ဖြန့်ဖြူးရေးအသင်း (VietNa, Petroleum Association) ၏ အချက်အလက်များအရ RON 95-III စက်သုံးဆီတစ်လီတာ၏စျေးနှုန်းတွင် အခွန် ဗီယက်နမ် ဒေါင် ၁၀,၀၀၀ နှင့် အခြား ကျသင့်ငွေ ဗီယက်နမ် ဒေါင် ၁,၀၀၀ ထက်မနည်းပါဝင်ကြောင်း၊ ဗီယက်နမ်နိုင်ငံရှိ ကုမ္ပဏီများအနေဖြင့် စီးပွားရေးနှင့် ထုတ်လုပ်မှုပြန်လည်ကောင်းမွန်လာစေရန် စက်သုံးဆီဆိုင်ရာအခွန်လျှော့ပေါ့ပေးမှုအား စောင့်ဆိုင်းလျက်ရှိကြပါသည်။

ဗီယက်နမ်နိုင်ငံ၌ လက်ရှိစက်သုံးဆီမြင့်တက်မှုအခြေအနေသည် အနာဂတ်ကာလတွင် ဆက်လက်တည်ရှိနေမည်လားဆိုသည်ကို မခန့်မှန်းနိုင်ကြောင်းနှင့် ကုန်စျေးနှုန်းဆိုင်ရာ အညွှန်းကိန်းများနှင့် ငွေကြေး ဖောင်းပွမှုကြီးမားလာနိုင်သည့်အပေါ် ဖိအားများစွာရှိနေကြောင်း ဒုတိယဝန်ကြီးချုပ် Le Minh Khai က ပြောကြားခဲ့ပါသည်။

သို့ဖြစ်၍ ၎င်းအနေဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနအား ဂရုတစိုက်စိစစ်တွက်ချက်ရန် ညွှန်ကြားထားပြီး အဆိုပါတွက်ချက်မှုအရ ပိုမိုလျှော့ချနိုင်မည်ဆိုပါက စားသုံးသူစျေးဆနှုန်း အညွှန်းကိန်း (Consumer Price Index) အပေါ် ကြီးမားသည့်သက်ရောက်မှုများမရှိစေရန်ရှောင်ရှား၍ စက်သုံးဆီအား စည်းကြပ်ကောက်ခံသည့် အခွန်များဖြစ်သည့် ကုန်စည်နှင့် ဝန်ဆောင်

မှုအပေါ်စည်းကြပ်ကောက်ခံသည့် ထပ်ဆင့်တိုးတန်ဖိုးမြင့်အခွန် (Value-Added Tax-VAT) နှင့် အထူးစားသုံးခွန် (Consumption Tax) များကို ပိုမိုလျှော့ချကောက်ခံ ပေးသွားရန် ညွှန်ကြားထားပါသည်။

စက်သုံးဆီဈေးနှုန်းကျဆင်းသွားစေရေး ပတ်ဝန်းကျင်ညစ်ညမ်းစေမှုမှ ကာကွယ်ရန် စီမံပြုလုပ်ထားသည့် စက်သုံးဆီ (Unleaded Petrol) အတွက် နိုင်ငံတော်မှ အထူးအခွင့်အရေးပေးထားသော သွင်းကုန်အခွန် (Most Favoured Nation-MFN Tariff) အား လက်ရှိစည်းကြပ်ကောက်ခံသည့် နှုန်းထား ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း သို့ လျှော့ချကောက်ခံသွားရန် အဆိုပြုတင်ပြထားကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံအစိုးရသည် ရေနံနှင့်ဓာတုထွက်ကုန်ပစ္စည်းများအတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ လက်ရှိအချိန်တွင် MFN tariff ကို ၇ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံလျက်ရှိကြောင်း သိရှိရပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ စက်သုံးဆီသည် ထုတ်လုပ်မှု၊ စီးပွားရေးလုပ်ငန်းများ လှုပ်ရှားလည်ပတ်မှုနှင့် လူတို့၏ လူမှုဘဝတွင် အရေးပါသည့် မဟာဗျူဟာအရ မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းတစ်ခုဖြစ်ကြောင်း၊ လက်ရှိစက်သုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းနှင့် စက်သုံးဆီထောက်ပံ့မှု ပြတ်တောက်ခြင်းသည် ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသုံးကုန်ကျစရိတ်များအပါအဝင် လူတို့၏သုံးစွဲမှုအပေါ် ကြီးမားသောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေကြောင်း၊ စက်သုံးဆီထောက်ပံ့မှု ပြတ်တောက်ခြင်းသည် ဗီယက်နမ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းလုပ်ဆောင်မှုများကို နှေးကွေးသွားစေနိုင်ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတွင်းသို့ ပတ်ဝန်းကျင်ညစ်ညမ်းစေမှုမှ ကာကွယ်ရန် စီမံပြုလုပ်ထားသည့် စက်သုံးဆီ (Unleaded Petrol) ကို တင်သွင်းမှုမရှိကြောင်းနှင့် ၎င်းတို့အနေဖြင့် ရေနံနှင့် ဓာတုထွက်ကုန်ပစ္စည်းများအတွက် MFN Tariff ကို မပြောင်းမလဲထားရှိရန် အဆိုပြုတင်ပြထားကြောင်း ဗီယက်နမ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောကြားပါသည်။

အခွန်လျှော့ချခြင်းဆိုင်ရာအဆိုပြုချက်သည် ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများကို လျော့ကျစေရန် တစ်ခုတည်းသော ရွေးချယ်ပိုင်ခွင့် နည်းလမ်းတစ်ခုဖြစ်ပြီး လာမည့်အောက်တိုဘာလတွင် ကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးအထိ မစောင့်ဆိုင်းသင့်ဟု ကျွမ်းကျင်ပညာရှင်များက ဝေဖန်ပြောဆိုထားကြောင်းနှင့် လွှတ်တော်အနေဖြင့် အထူးကိစ္စရပ်တစ်ခုအဖြစ် ချက်ချင်းဖြေရှင်း ဆောင်ရွက်သင့်သည်ဟုလည်း Le Minh Khai ကပြောကြားပါသည်။

ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ အဆိုပါ အဆိုပြုတင်ပြချက်အား အောက်တိုဘာလ လွှတ်တော်သို့တင်ပြရမည်ဖြစ်ပြီး နိုဝင်ဘာလရောက်မှသာ အခွန်လျှော့ပေါ့ခြင်းကိစ္စရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မည်ဟု ဟန္နိုင်းစီးပွားရေးနှင့် နည်းပညာတက္ကသိုလ်မှ ကထိကဖြစ်သူ Nguyen Ngou Yu က ပြောကြားခဲ့ပြီး လက်ရှိအချိန်တွင် စက်သုံးဆီဈေးနှုန်းများမြင့်တက်လျက်ရှိသကဲ့သို့ ကုန်စည်နှင့် ဝန်ဆောင်မှုဈေးနှုန်းများသည်လည်း အဆမတန်မြင့်တက်လျက်ရှိသည်ဟု ဆက်လက်ပြောကြားခဲ့ပါသည်။ Source: Viet Nam News

Source: ပြည့်ဖြိုးအောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာ

## အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီရောင်းလိုအား တိုးမြင့်မည့်အလားအလာကြောင့် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းကျဆင်းခဲ့

အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီရောင်းလိုအားကောင်းမည့် အလားအလာများကြောင့် ဩဂုတ်လ ၄ ရက် အစောပိုင်းကုန်သွယ်မှုတွင် မလေးရှားစားအုန်းဆီ ဈေးနှုန်းမှာ ၃ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သည်ကို တွေ့ရပါသည်။

လာမည့် အောက်တိုဘာလအတွက် ကြိုပွိုင့် စားအုန်းဆီအရောင်းအဝယ်စာချုပ် စတင်ချိန်၌ Bursa Malaysia ကုန်စည်ဒိုင်တွင် ၇၆ ရင်းဂစ် သို့မဟုတ် ၁ ဒသမ ၉၇ ရာခိုင်နှုန်း ကျဆင်းသွားပြီး တစ်တန်လျှင် ၃,၇၈၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၈၅၀ ဒသမ ၄၇) သို့ ကျဆင်းသွားပါသည်။ နေ့လယ်ပိုင်း၌ ကြိုရောင်းကြိုဝယ်စာချုပ် ဈေးနှုန်းမှာ တစ်တန်လျှင် ၃,၈၀၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၈၅၅ ဒသမ ၁၂) ဖြစ်ခဲ့ပါသည်။

ယူကရိန်းဆိပ်ကမ်းများမှ ပို့ကုန်တင်ပို့မှုများ ပြန်လည်စတင်နေပြီဖြစ်ရာ ကမ္ဘာ့နေကြာဆီ ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းခန့်ထုတ်လုပ်ပြီး၊ ထုတ်လုပ်မှု၏ ၇၆ ရာခိုင်နှုန်းကို တင်ပို့သည့် ပင်လယ်နက်ဒေသဘက်မှ နေကြာဆီများ ကမ္ဘာ့ဈေးကွက်ထဲရောက်ရှိလာလိမ့်မည်ဟုမျှော်လင့်ချက်များ ရှိလာပါသည်။

အင်ဒိုနီးရှားနိုင်ငံအစိုးရက စားအုန်းဆီအပေါ် ပို့ကုန်ခွန်လျှော့ချပေးခြင်းနှင့် စားအုန်းဆီ တင်ပို့မှုမြင့်မားခြင်းတို့ကြောင့် အင်ဒိုနီးရှားစားအုန်းဆီနှင့် မလေးရှားစားအုန်းဆီတို့အကြား ပြိုင်ဆိုင်မှုဖြစ်ပေါ်နေစေပြီး စားအုန်းဆီဈေးကျလာသဖြင့် စားသုံးသူများအတွက် ကုန်ကျစရိတ် ပိုမိုသက်သာလာစေပါသည်။ ၂၀၂၁-၂၂ ခုနှစ်အတွင်း အင်ဒိုနီးရှားတွင် စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းလုပ်ငန်းများ၌ ပြတ်တောက်မှုများကြောင့် စားအုန်းဆီထုတ်လုပ်မှု ခန့်မှန်းခြေ တန်ချိန် ၄၆ ဒသမ ၇ သန်းအထိ ကျဆင်းခဲ့ကာ၊ ယခင်နှစ်ကထက် ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ ပါသည်။

မလေးရှားတွင်လည်း မျှော်လင့်ထားသည်ထက် ရှည်လျားသော အလုပ်သမား မလုံလောက်သည့် ပြဿနာများကြောင့် စားအုန်းဆီထုတ်လုပ်မှု ၂၀၂၁-၂၂ ရာသီတွင် တန်ချိန် ၁၈ သန်းအထိ လျှော့နည်းခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု သိရပါသည်။ သို့ရာတွင် မလေးရှားနိုင်ငံ၏ စားအုန်းဆီ လက်ကျန်သိုလှောင်မှုမှာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကုန်တွင် လစဉ် ၉ ဒသမ ၈ ရာခိုင်နှုန်းတိုးလာဖွယ်ရှိပြီး၊ အဓိကအားဖြင့် ထုတ်လုပ်မှုတိုးလာခြင်းကြောင့် တန်ချိန် ၁ ဒသမ ၈၂ သန်းအထိ တိုးလာဖွယ်ရှိသည်။

၂၀၂၁ - ၂၂ တွင် ကမ္ဘာ့စားအုန်းဆီ တင်သွင်းမှုမှာ တန်ချိန် ၄၄ ဒသမ ၉ သန်းအထိ ကျဆင်းနိုင်မည်ဟုခန့်မှန်းထားပြီး၊ ယခုနှစ် ဇူလိုင်လအတွင်း တင်သွင်းမှုမှတန်ချိန် ၄၅ သန်းမှ ၁ ရာခိုင်နှုန်းအောက်ကျဆင်းခဲ့ကာ၊ ယခင်နှစ်ထက် ၅ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ စားအုန်းဆီဈေးမှာ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီဈေးကွက်တွင် ဈေးကွက်ဝေစုလွှမ်းမိုးမှုရှိသောကြောင့် ဩဂုတ်လအတွင်း Dalian စတော့အိတ်ချိန်းတွင် ပဲပုပ်ဆီဈေး ၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် စားအုန်းဆီဈေး ၄ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ ပြီး၊ Chicago Mercantile Exchange တွင် ပဲပုပ်ဆီဈေး ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်း ခဲ့ပါသည်။

Source: Vinanet/VITIC/Reuters

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4846

## ရုရှားနိုင်ငံမှ ဂျုံ တန်ချိန် ၅ သိန်း တင်သွင်းရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံစီစဉ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရုရှားနိုင်ငံမှ ဂျုံတန်ချိန် ၅၀၀,၀၀၀ တင်သွင်းရန်စီစဉ်ထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဈေးနှုန်းများ တက်နေသည့်ကြားမှ စားနပ်ရိက္ခာကုန်စည်များရရှိရန် ကြိုးပမ်းနေချိန်တွင် ရုရှားနိုင်ငံမှ ဂျုံတန်ချိန် ငါးသိန်းကို တစ်တန်လျှင် US$430 ဖြင့် တင်သွင်းရန် စီစဉ်ထားသည်။ အစိုးရချင်း government-to-government အရောင်းအဝယ်ပြုခြင်း ဖြစ်ကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့ (ဩဂုတ် ၂၈) တွင် ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိမ်နီးနားချင်း အိန္ဒိယနိုင်ငံမှ ကုန်းလမ်းဖြင့် ဂျုံများတင်သွင်းနေကျဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတင်သွင်းသည့် ဂျုံများတွင် အိန္ဒိယဂျုံသည် တန်ချိန်အများဆုံးဖြစ်သည်။ ယခုနှစ် မေလတွင် အိန္ဒိယက ဂျုံတင်ပို့မှုပိတ်ပင်ထားသည်။ အရောင်းအဝယ်စာချုပ်ကို လာမည့်ရက်အနည်းငယ်အတွင်း လက်မှတ်ရေးထိုးကြမည်။ သင်္ဘောများဖြင့် တစ်သုတ်ပြီးတစ်သုတ် တင်ပို့မည်ဖြစ်ပြီး နောက်နှစ် ၂၀၂၃ ဇန်နဝါရီလတွင် စတင်မည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်၏ အကြံပေး Salman Fazlur Rahman က ဘင်္ဂလားဒေ့ရှ်သည် ဂျုံနှင့် ဓာတ်မြေဩဇာတို့ကို ရုရှားမှဝယ်ယူကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ဂျုံဖိုး၊ သင်္ဘောခ၊ အာမခံ အစရှိသည်တို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက အမေရိကန်ဒေါ်လာဖြင့် ပေးချေမည်။ "ရုရှားနိုင်ငံမှ အစားအစာ ကောက်ပဲသီးနှံများနှင့် ဓာတ်မြေဩဇာများ တင်သွင်းမှုအတွက် နိုင်ငံတကာဘဏ် ၂၄ ခုမှ တင်သွင်းမှုအပေါ် ကန့်သတ်ချက် တစ်စုံတစ်ရာမရှိဘဲ အမေရိကန်ဒေါ်လာဖြင့် ငွေပေးချေနိုင်ပါတယ်" ဟု ၎င်းကဆိုသည်။ ဘင်္ဂလားဒေ့ရှ်ပြည်တွင်းဂျုံထုတ်လုပ်မှုသည် တန်ချိန် ၁ သန်းထက် မကျော်ချေ။ ပြည်တွင်းလိုအပ်ချက်အတွက် ပြည်ပမှ တင်သွင်းသည့် ဂျုံများအပေါ် အားထားရသည်။ SourceCNA

Source: https://www.industrialdirectory.com.mm/article/bangladesh-set-to-import-500000-tonnes-of-wheat-from-russia.html

## တရုတ်နိုင်ငံ၏စံချိန်စံညွှန်းဆိုင်ရာ မဟာဗျူဟာ ၂၀၃၅ - နိုင်ငံခြားကုမ္ပဏီများအတွက် လတ်တလောဖွံ့ဖြိုးတိုးတက်မှုများနှင့် သက်ရောက်မှုများ

တရုတ်နိုင်ငံ၊ ဈေးကွက်စည်းမျဉ်းများအတွက် နိုင်ငံတော်စီမံခန့်ခွဲရေး (State Administration for Market Regulations) နှင့် အခြားသောဌာန (၁၆) ခုမှ အမျိုးသားစံနှုန်းသတ်မှတ်ရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (the Action Plan) ကို ၈-၇-၂၀၂၂ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး အမျိုးသားစံချိန်စံညွှန်းဖွံ့ဖြိုးတိုးတက်ရေး (အနှစ်ချုပ်) National Standardization Development (NSD) Outline အတွက် တိကျသော အကောင်အထည်ဖော်ရေး လမ်းပြမြေပုံများကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ချမှတ်ခဲ့ပါသည်။ လုပ်ငန်းစီမံချက်သည် နည်းပညာဆိုင်ရာစံနှုန်းများဆီသို့ တရုတ်အစိုးရ၏ မဟာဗျူဟာမြောက် ချဉ်းကပ်မှုအား အသိပေးခြင်းလည်းဖြစ်ပါသည်။

“တရုတ်နိုင်ငံတွင်ထုတ်လုပ်သည်- ၂၀၂၅” 'Made in China 2025' မဟာဗျူဟာအစီအစဉ်ကို အကောင်အထည်ဖော်ပြီးနောက် တရုတ်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံစံချိန်စံညွှန်း ၂၀၃၅ 'China Standards 2035' မဟာဗျူဟာကို တရားဝင်ထုတ်ပြန်ခဲ့ပြီး တရုတ်အစိုးရနှင့် ထိပ်တန်းနည်းပညာကုမ္ပဏီများအတွက် 5G၊ အင်တာနက်ဆိုင်ရာပစ္စည်းများ (IoT) နှင့် ဉာဏ်ရည်တု (AI) စသည့် အင်တာနက်ဆိုင်ရာ ထွန်းသစ်စနည်းပညာများအတွက် ကမ္ဘာလုံးဆိုင်ရာစံချိန်စံညွှန်းများကို သတ်မှတ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သော NSD သည် ဤရေးယာရှိ ပထမဆုံး တရားဝင်စာရွက်စာတမ်းဖြစ်ပြီး တရုတ်ကုမ္ပဏီများအတွက် ၎င်းတို့၏ နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်များမြှင့်တင်ရန်နှင့်

လာမည့်ဆယ်စုနှစ်အတွင်း စံချိန်စံညွှန်းရေးဆွဲသတ်မှတ်မှုမြှင့်တင်ရန် ရှင်းလင်းပြတ်သားသောအမြင်ကို ပေးဆောင်ပါသည်။ ထို့နောက် Action Plan သည် ၂၀၂၃ ခုနှစ်မကုန်မီ အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာကဏ္ဍများတွင် ခိုင်မာသော ခြေလှမ်းများကို ချမှတ်ခဲ့ပါသည်။

အမျိုးသားစံချိန်နှုန်းများ ဖွံ့ဖြိုးတိုးတက်စေရန် တရုတ်နိုင်ငံ၏ လုပ်ငန်းစီမံချက်တွင်ပါဝင်သော အရာများမှာ လုပ်ငန်းစီမံချက်တွင် ကုန်ထုတ်လုပ်မှု၊ သတင်းအချက်အလက်နည်းပညာ၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကာဗွန်စံနှုန်းသတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ဂေဟစနစ်ကာကွယ်ခြင်းနှင့် ကျေးလက်ပြန်လည်ထူထောင်ရေးတို့အပါအဝင် ကဏ္ဍစုံလင်စွာပါဝင်သည့် စုစုပေါင်းအပိုဒ်ခွဲပေါင်း ၃၃ ပိုဒ်ပါဝင်သည်။ ယင်းတို့ကို အမျိုးအစားသုံးခုအဖြစ် ထပ်မံခွဲခြားထားပြီး အပိုဒ်ခွဲ ၁ မှ ၂၁ အထိ ပါဝင်သော ပထမပိုင်းသည် အရည်အသွေးမြင့် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုများ၏ ထိရောက်သော စံနှုန်းသတ်မှတ်ရေးအတွက် ထောက်ခံသူများ၊ ဒုတိယပိုင်းသည် အပိုဒ်ခွဲ ၂၂ မှ ၃၀ အထိပါဝင်ပြီး အစိုးရမှ ညှိနှိုင်းဆောင်ရွက်မှုများမှတစ်ဆင့် စံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အလေးပေးဖော်ပြထားပြီး နောက်ဆုံးပိုင်းတွင် အပိုဒ်ခွဲ ၃၁ မှ ၃၃ အထိဖြစ်၍ စံသတ်မှတ်ခြင်းလုပ်ငန်းစဉ်၏ လမ်းညွှန်မှုနှင့်ကြီးကြပ်မှုကိုတိုးမြှင့်ရန် မက်လုံးပေးမှုဝါဒကို ဆွေးနွေးထားပါသည်။

တရုတ်နိုင်ငံ စံချိန်စံညွှန်းဆိုင်ရာမဟာဗျူဟာ ၂၀၃၅ သည် တရုတ်စီးပွားရေးလုပ်ငန်းများကို လိုင်စင်များနှင့် မူပိုင်အခကြေးငွေများပါရှိသည့် စီးပွားရေးအမြတ်အစွန်းများမှ အကျိုးခံစားနိုင်စေရန် မက်လုံးဖြင့် စံသတ်မှတ်ခြင်းတွင်ပါဝင်ရန် လုပ်ပိုင်ခွင့်အာဏာပေးထားသည်။ ထို့အပြင် နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များအတိုင်း လိုက်ဖက်ညီမှု ပိုမိုကြီးမားသော လိုက်ဖက်ညီမှုရှိသောကုမ္ပဏီများသည် မတူညီသောကုမ္ပဏီများကို ချောမွေ့စွာအလုပ်လုပ်နိုင်စေကာ ထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံးတွင် စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးပြီး ဆန်းသစ်တီထွင်မှုအား တွန်းအားပေးရန် အရင်းအမြစ်များကို ချန်ထားခဲ့မည်ဖြစ်သည်။ စံချိန်စံညွှန်းများသတ်မှတ်ရာတွင်ပါဝင်သည့် တရုတ်ကုမ္ပဏီများအတွက်အရေးကြီးပြီး ၎င်းတို့အား ပိုမိုမြင့်မားသော နှိုင်းယှဉ်အားသာချက်များ ရရှိမည်ဖြစ်သည်။

နည်းပညာပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုသည် စက်မှုလုပ်ငန်းစံနှုန်းများကို ရေးဆွဲရာတွင် ဦးဆောင်ရန် အဓိကသော့ချက်ဖြစ်ကြောင်း၊ မကြာသေးမီ နှစ်များအတွင်း တရုတ်သည် ၎င်း၏ ISO နှင့် IEC အဆိုပြုချက်အရေအတွက်ကို တိုးမြှင့်ခဲ့ပြီး နှစ်စဉ်တိုးတက်မှုနှုန်း ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ ပြီး စံချိန်စံညွှန်းသတ်မှတ်ရေးနယ်ပယ်တွင် တရုတ်နိုင်ငံ၏ ကြီးထွားလာနေသော ပါဝင်ပတ်သက်မှုကို သက်သေပြခဲ့ကြောင်း၊ ISO သည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့ကို ရည်ညွှန်းပြီး IEC သည် အပြည်ပြည်ဆိုင်ရာ လျှပ်စစ်နည်းပညာကော်မရှင်ကို ရည်ညွှန်းကြောင်း၊ နှစ်ခုစလုံးသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကို အာရုံစိုက်သည့် နိုင်ငံတကာစံသတ်မှတ်သည့် အေဂျင်စီများဖြစ်ပါကြောင်း၊ အလားတူပင် တရုတ်နိုင်ငံမှ နည်းပညာမူပိုင်ခွင့် လျှောက်ထားမှုသည်လည်း အခြားနိုင်ငံအားလုံးထက် ၂၀၂၁ ခုနှစ်တွင် ၂၃ ဒသမ ၈ ရာခိုင်နှုန်း တိုးလာသည်ကို တွေ့မြင်ခဲ့ရကြောင်း၊ အိုင်စီတီလုပ်ငန်းတွင် တရုတ်ကုမ္ပဏီကြီးဖြစ်သည့် Huawei သည် Ericsson၊ Qualcomm နှင့် Samsung ကဲ့သို့သော အခြားအမှတ်တံဆိပ်များထက် ၂၀၂၁ ခုနှစ်တွင် တင်သွင်းသည့် လျှောက်လွှာပေါင်း ၃၅၄၄ ဖြင့် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးတွင် မူပိုင်ခွင့်လျှောက်လွှာများကို ဆက်လက်ဦးဆောင်နေပါကြောင်း၊ တစ်ချိန်တည်းမှာပင် တိုးတက်ပြောင်းလဲလာသော နည်းပညာများတွင် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများသည် တရုတ်နိုင်ငံ၏ အဓိကဦးစားပေးလုပ်ငန်းဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် ယွမ် ၄၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၂ ထရီလီယံ) ကျော်တန်ဖိုးရှိပြီး GDP ၏ ၃၉ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း တရားဝင်အချက်အလက်များအရသိရပါကြောင်း၊ (၁၄) ကြိမ်မြောက် ငါးနှစ်စီမံကိန်း (14th FYP) တွင် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများ၏ တန်ဖိုးထပ်တိုးမှုကို ၎င်း၏ GDP တွင် ၂၀၂၅ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းအထိ သတ်မှတ်ပေးမည့်အစီအစဉ်များကို ချမှတ်ထားကြောင်း၊ ဤလမ်းညွှန်ချက်အတိုင်း အစိုးရသည် တရုတ်စက်မှုလုပ်ငန်း၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို အမြင့်ဆုံးသို့ရောက်ရှိစေရန် တွန်းအားပေးလျက်ရှိပြီး လာမည့်ဆယ်စုနှစ်များအတွင်း ကမ္ဘာ့စီးပွားရေးတွင် ပူးပေါင်းပါဝင်နေစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

အစိမ်းရောင်အကူးအပြောင်း Action Plan ၏ နောက်ထပ်သော့ချက်မှာ "အစိမ်းရောင်" နှင့် "ဂေဟစနစ်" တို့ကို ဇဟိုပြုကြောင်း၊ တရုတ်နိုင်ငံသည် နည်းပညာစံနှုန်းများကို အစိမ်းရောင်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၏ မှန်ဘီလူးမှတဆင့်ရှုမြင်ပါကြောင်း၊ လုပ်ငန်းစီမံချက်တွင် စွမ်းအင်ချွေတာရေး၊ ကြီးမားသောစွမ်းအင်သုံးစွဲမှုကို ထိန်းညှိရန်နှင့် စွမ်းအင်ထိရောက်မှုကိုထိန်းသိမ်းရာတွင် အရေးပါသော ကာဗွန်- ကြားနေစံနှုန်းများကို ဖော်ပြထားပါကြောင်း၊ ၎င်းသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ထပ်လောင်းပံ့ပိုးပေးသောကြောင့် တရုတ်နိုင်ငံ၏ ပိုမိုကျယ်ပြန့်သော ကာဗွန်နှစ်ထပ်ရည်မှန်းချက်များနှင့် ကိုက်ညီပါကြောင်း၊ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သိသာထင်ရှားသော စတင်မှုနှင့်အတူ တရုတ်နိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဈေးကွက်ကို သိမ်းပိုက်ထားပြီး ဆိုလာစွမ်းအင်နှင့် လျှပ်စစ်ကား (EV)ဘက်ထရီများတွင်ကမ္ဘာ့ခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့ကြောင်း၊ လက်ရှိတွင်တရုတ်နိုင်ငံသည်ကမ္ဘာပေါ်တွင်အကြီးမားဆုံး

နှင့် အလျင်မြန်ဆုံးကြီးထွားလာသော စွမ်းအင်သိုလှောင်မှုဈေးကွက်များထဲမှ တစ်ခုဖြစ်ပြီး ဥရောပနှင့် အမေရိကန်တို့ကို ကျော်တက်သွားခဲ့ကြောင်း၊ နည်းပညာစံနှုန်းများကို ဖော်ဆောင်ခြင်းသည် အလွန်အကျိုးအမြတ်များသော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် EV ဈေးကွက်တွင် ၎င်း၏လွှမ်းမိုးမှုကိုထိန်းသိမ်းရန် ထိရောက်သောနည်းလမ်းဖြစ်ပါကြောင်း၊ ပိုမိုမြင့်မားသော ပတ်ဝန်းကျင်စံနှုန်းများနှင့် ကိုက်ညီစေရန် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်သည် အခွင့်အလမ်းသစ်များကို ဖန်တီးပေးပါကြောင်း၊ သို့ဖြစ်ရာ နိုင်ငံခြားကုမ္ပဏီများအတွက် အကျိုးသက်ရောက်မှုများနှင့် အလားအလာများကိုဆန်းစစ်ပါမူ တစ်ဖက်တွင် အဆိုပြုထားသော တရုတ်စံနှုန်းများသည် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများအတွက် ထပ်လောင်းလိုအပ်ချက်များကို ပြဋ္ဌာန်းနိုင်ပါကြောင်း၊ ၎င်းတို့သည် ၎င်းကျယ်ပြန့်သောဈေးကွက်သို့ရောင်းချရန် သက်ဆိုင်ရာတရုတ်စံနှုန်းများကို လိုက်နာရမည် ဖြစ်ပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ ၎င်းသည်မှာနိုင်ငံခြားမှပေးသွင်းသူများ (suppliers)အတွက် တံခါးပိတ်သည်ဟုမဆို လိုပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက်အားပေးသော စက်မှုလုပ်ငန်း Catalog တွင်ဖော်ပြထားသည့်အတိုင်း အထူးသဖြင့် အဆင့်မြင့်ကုန်ထုတ်လုပ်မှု၊ စွမ်းအင်ချွေတာရေးနှင့် ပတ်ဝန်းကျင်ကာကွယ်ရေးနည်းပညာများနှင့် အဆင့်မြင့် ဝန်ဆောင်မှုများကဲ့သို့သော နယ်ပယ်တစ်ခုတွင် ကျွမ်းကျင်သော နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို အထူးကြိုဆိုပါကြောင်း၊ ဖြစ်နိုင်ဖွယ်ရှိသော ဘေးထွက်ဆိုးကျိုးများကိုလျှော့ချရန် နိုင်ငံခြားကုမ္ပဏီများသည် တရုတ်နိုင်ငံ၏စံနှုန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရန် အကြံပြုထားပါကြောင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းသည် အလွန်ထူးခြားသော လုပ်ငန်းစဉ်ဖြစ်သောကြောင့် နယ်ပယ်အသီးသီးတွင် ကျွမ်းကျင်သော နိုင်ငံတကာကုမ္ပဏီများသည် ၎င်းတွင် အမှန်တကယ် အားကောင်းသည့် အခန်းကဏ္ဍမှပါဝင်နိုင်ပြီး ယင်းမှ အကျိုးအမြတ်ရရှိရန် ပိုမိုကောင်းမွန်သည့် အနေအထားကို ရရှိစေမည် ဖြစ်ပါကြောင်း၊ အခြားတစ်ဖက်တွင် စံချိန်စံညွှန်းသတ်မှတ်ခြင်းတွင် တရုတ်နိုင်ငံ၏ ပါဝင်ပတ်သက်မှုသည် အများသူငှာ ကောင်းကျိုးကို အထောက်အကူဖြစ်စေပြီး တရုတ်နိုင်ငံတွင် အခြေစိုက်သော စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ပါကြောင်း၊ နိုင်ငံခြားကုမ္ပဏီများသည် နိုင်ငံ၏ အလုံးစုံစီးပွားရေးစွမ်းဆောင်မှုနှင့် ထောက်ပံ့မှု ကွင်းဆက် ထိရောက်မှုတို့မှလည်း အကျိုးဖြစ်ထွန်းနိုင်ကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ်။ [www.china-briefing.com/news/china-standards-2035-strategy-recent-developments-and-their-implications-foreign-companies/](www.china-briefing.com/news/china-standards-2035-strategy-recent-developments-and-their-implications-foreign-companies/)

Source: ဒေါက်တာဝေရီလင်း-စီးပွားရေးသံမှူး၊ ကူမင်းမြို့

## ဂျာမနီနိုင်ငံတွင် ဆောင်းရာသီဓာတ်ငွေ့သုံးစွဲမှုအတွက်အစီအစဉ်များချမှတ်

ဂျာမနီနိုင်ငံတွင် လာမည့်ဆောင်းရာသီ၌ စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများက သုံးစွဲကုန်ကျရန်ရှိသည့် ဓာတ်ငွေ့များအတွက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ သုံးစွဲသည့် ကီလိုဝပ် နာရီအလိုက် ယူရို (၂ ဒသမ ၄) ဆင့် (2.4 euro cent per kilowatt hour) နှုန်းဖြင့် စည်းကြပ်ကောက်ခံမည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၁၅ ရက်နေ့က ထုတ်ပြန်ကြေငြာခဲ့သည်။ လက်ရှိအခြေအနေတွင် ကုမ္ပဏီများအနေဖြင့် သုံးစွဲသူ ပြည်သူများထံမှ တိုးမြှင့်ကောက်ခံရန် ခွင့်ပြုချက်မရရှိသေးသော်လည်း မကြာမီ ပြောင်းလဲမှုများရှိလာနိုင်မည်ဖြစ်သည်။ ဂျာမန်ဝန်ကြီးချုပ် Mr. Olaf Scholz က ဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာနိုင်မည်ဖြစ်သော်လည်း ပြည်သူများအတွက် များစွာဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မည်သူတစ်ဦး တစ်ယောက်ကိုမျှ စရိတ်မြင့်မားခြင်းကို တစ်ဦးတည်းကျခံရခြင်းမျိုးဖြစ်စေမည် မဟုတ်ကြောင်း၊ တစ်ဖက်တွင်လည်း relief package များကို ပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်လျှက်ရှိကြောင်း ပြောကြားပါသည်။ ယခုစည်းကြပ်ကောက်ခံမှုသည် လက်ရှိအခြေအနေတွင် နိုင်ငံတွင်း ဂက်စ်လုံလောက်စွာရရှိရေးအတွက် ရုရှားနိုင်ငံအပြင် အခြားထုတ်လုပ်ရရှိနိုင်သည့်နေရာများမှ ဈေးနှုန်းကြီးမြင့်စွာပေး၍ ပံ့ပိုးပေးနေသော ဂက်စ်လုပ်ငန်းများအတွက် ၉၀ ရာခိုင်နှုန်း ကာမိစေရန် ရည်ရွယ်ကြောင်းလည်းသိရှိရပါသည်။ ဂျာမနီနိုင်ငံရှိ စုစုပေါင်း အိမ်ထောင်စုဦးရေ၏ ထက်ဝက်ခန့်သည် နေ့စဉ် သုံးစွဲမှုများအတွက် ဓာတ်ငွေ့ကို အဓိကအသုံးပြုနေကြခြင်း ဖြစ်ပါသည်။

ဂျာမန်ဘဏ္ဍာရေးဝန်ကြီး Mr.Christian Lindner က စည်းကြပ်ကောက်ခံမှုအသစ်အပေါ် Sales tax ကောက်ခံမှု လျှော့ပေါ့သက်သာခွင့်ပေးရန် အီးယူသို့ တောင်းဆိုရန်ရှိကြောင်း၊ German Association of Energy and Water Industries အကြီးအကဲဖြစ်သူ Ms. Kerstin Andreae က သုံးစွဲသူများအတွက် အဓိက သက်သာမှု ရှိစေရန်လိုအပ်ပြီး ပေးချေမှုများအတွက် Sales tax ကောက်ခံမှုကိုလျှော့ပေါ့ပေးရန်လိုအပ်ကြောင်း၊ ဖက်ဒရယ်စီးပွားရေးဝန်ကြီး Mr.Robert Habeck က စည်းကြပ်မှု အသစ်ပြုလုပ်ခြင်းဖြင့် ဂက်စ်ရောင်းချဖြန့်ဖြူးမှုများကို လုံလောက်စေမည်ဖြစ်ပြီး Sales tax အတွက် ဘရပ်ဆဲလ်ဘက်က တုန့်ဆိုင်းမှုများရှိနေပါက အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ relief package များကိုလည်း စီစဉ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြပါသည်။ ခန့်မှန်းခြေအားဖြင့် လူ (၄) ဦးနေထိုင်သည့် အိမ်ထောင်စုတစ်ခုတွင် တစ်နှစ်လျှင် ဂက်စ် သုံးစွဲမှုအတွက် ပိုမိုကုန်ကျစရိတ်မှာ Sales tax မပါဝင်ပါက ယူရို (၄၈၀) ခန့်ရှိနိုင်မည်ဟု ခန့်မှန်းထားရှိပါသည်။

ဂျာမနီနိုင်ငံရှိ အခြားပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများ အသင်းအဖွဲ့များဖြစ်သည့် Trade unions၊ German steelmakers' association၊ German federation of chemicals industries စသည်တို့ဘက်မှ စည်းကြပ်ကောက်ခံမှု အသစ်အတွက် ဝေဖန်မှုများမြင့်တက်လာနေပြီး အချို့လုပ်ငန်းများမှာ ယခုစည်းကြပ်မှု မတိုင်မီကပင် ဂက်စ်ဈေးနှုန်းများ ကြီးမြင့်မှုကြောင့် ဘီလီယံများစွာ အကုန်အကျခံထားမှုရှိနေပြီး ကုန်ကျမှုများကို ကာမိစေရန် relief package များ ပံ့ပိုးဆောင်ရွက်ပေးရန် တောင်းဆိုလာကြပါသည်။ ဂျာမန်စတီးလုပ်ငန်းများသည် တစ်နှစ်လျှင် ယေဘူယျအားဖြင့် သဘာဝဓါတ်ငွေ့ (၂) ဘီလီယံကုဗမီတာကို သုံးစွဲရန်လိုအပ်ပြီး ယခု စည်းကြပ်မှုအသစ်မတိုင်မီကပင် ဓါတ်ငွေ့ဈေးနှုန်းများ မြင့်တက်မှုကြောင့် ယူရို (၇) ဘီလီယံဘိုး ပိုမိုကျခံ သုံးစွဲထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ဂက်စ်သုံးစွဲမှုတိုးမြင့်ကောက်ခံမှုအပေါ် ဝေဖန်တောင်းဆိုမှုများရှိနေခြင်းများအတွက် ဂျာမန်ဝန်ကြီးချုပ် Mr.Olaf Scholz က ဩဂုတ်လ (၁၈) ရက် နေ့ သတင်းစာရှင်းလင်းပွဲတွင် ဖက်ဒရယ်အစိုးရအနေဖြင့် ဓါတ်ငွေ့သုံးစွဲမှုအပေါ် value-added tax (VAT) ကောက်ခံနေမှုကို မူလ (၁၉) ရာခိုင်နှုန်း မှ (၇) ရာခိုင်နှုန်းသို့ ၂၀၂၄ ခုနှစ်အထိ လျှော့ချကောက်ခံမည်ဖြစ်ကြောင်း၊ သုံးစွဲသူများအတွက် ထောက်ပံ့မှုများ ပိုမိုပြုလုပ်ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ကတိပြုပြောကြားခဲ့ပါသည်။ ဆက်လက်၍ စွမ်းအင်ကုမ္ပဏီများအနေဖြင့် ယခုကဲ့သို့ ဂက်စ်သုံးစွဲမှုအတွက် တိုးမြင့်ကောက်ခံမှုနှင့် အခွန်လျှော့ချပေးမှု အစီအစဉ်များအရ သုံးစွဲသူပြည်သူများအပေါ် စရိတ်ကာမိစေရန် ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်းလည်း ပြောကြားခဲ့ပါသည်။ ဩဂုတ်လ ၁၅ ရက်နေ့က ထုတ်ပြန်ကြေငြာခဲ့သော တိုးမြင့်ကောက်ခံမှုကဲ့သို့ပင် VAT လျှော့ချ ကောက်ခံမှုသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ စတင်မည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ အကျုံးဝင်မည်ဖြစ်ပါသည်။ VAT လျှော့ချ ကောက်ခံမှုသည် ကုန်မျိုးစုံဆိုင်များ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စာအုပ်၊ မဂ္ဂဇင်း၊ ကဇာတ်ရုံနှင့် ပြတိုက် လက်မှတ်ဝယ်ယူမှုများအတွက်လည်းပါဝင်ပြီး အခြားကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက်မူလ ၁၉ ရာခိုင်နှုန်းအတိုင်း ကောက်ခံသွားမည်ဖြစ်သည်။

ဂျာမန်ဖက်ဒရယ်အစိုးရအနေဖြင့် ဂက်စ်သုံးစွဲမှုအပေါ် တိုးမြင့်ကောက်ခံပြီး တစ်ဖက်တွင် VAT ကောက်ခံမှုနှုန်းကို လျှော့ချပေးသည့်အစီအစဉ်ဖြင့် သုံးစွဲသူများအတွက် များစွာဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် မျှော်လင့်ချက်ထားရှိပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် အရန် LNG ကွန်တိန်နာများကိုလည်း ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလနောက်ဆုံးထား၍ ၉၅ ရာခိုင်နှုန်း ဖြည့်တင်းပြီးစီးရန် ဦးတည်ဆောင်ရွက်လျှက်ရှိပါသည်။

Source: https://www.dw.com/en/germany-sets-winter-gas-levy-amid-warnings-of-its-impact/a-62806667
https://www.dw.com/en/germany-cuts-tax-on-gas-as-prices-rise-amid-war-in-ukraine/a-62849908

Source: သီတာဝင်းငွေး-စီးပွားရေးသံမှူး

## ရုရှားနိုင်ငံမှရေနံအစား ဆော်ဒီနိုင်ငံ၏ရေနံ အာရှဝယ်ယူမှုများလာ

ရုရှားရေနံ ဈေးသက်သာသဖြင့် ဝယ်လိုအား များပြားလာသဖြင့် ဈေးမြင့်တက်လာခဲ့တာကြောင့် အချို့ဝယ်လက်များက လက်ရှောင်လိုက်ကြပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်မှာ အာရှသို့ ရုရှားရေနံ တင်ပို့မှုဟာ ယူကရိန်းစစ်ပွဲ စတင်ပြီးနောက်ပိုင်း အနည်းဆုံးပမာဏ ဖြစ်ခဲ့ပါတယ်။ ပျမ်းမျှ တစ်ရက်လျှင် စည်ပေါင်း ၂ သန်း အောက်သို့ ရောက်ရှိခဲ့ပါတယ်။ ရုရှားရေနံတင်ဆောင်ထားတဲ့ ရေနံတင်သင်္ဘောများ သီရိလင်္ကာနှင့် အီဂျစ် နိုင်ငံများသို့ ပို့ဆောင်ကြတယ်လို့ Bloomberg သတင်းမှာ ဖော်ပြထားပါတယ်။

အိန္ဒိယက ရုရှားရေနံစိမ်းဝယ်ယူမှုကို ဇူလိုင်လတွင်လျှော့ချခဲ့ပြီး သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးတဲ့ ဆော်ဒီရေနံကိုတိုးမြင့်ဝယ်ယူခဲ့ပါတယ်။ ရုရှားရေနံ ဝယ်ယူမှု ၇ ဒသမ ၃ ရာခိုင်နှုန်းခန့်ကျဆင်းသွားခဲ့ပြီး ဆော်ဒီရေနံတင်သွင်းမှု ၂၅ ဒသမ ၆ ရာခိုင်နှုန်းတိုးလာခဲ့ပါတယ်။ ဝယ်လိုအား ခိုင်မာနေခြင်းနှင့် ရရှိနိုင်တဲ့ပမာဏ အကန့်အသတ်ရှိနေခြင်းကြောင့် ရုရှားရေနံ ဈေးနှုန်းများတက်သွားသဖြင့် ရုရှားရေနံစိမ်းကို ဝယ်လိုအားလျော့နည်းသွားပုံပေါ်ပါတယ်။ ယူကရိန်းစစ်ပွဲ စတင်ခဲ့သည့် ဖေဖော်ဝါရီလကုန်ပိုင်းအလွန်တွင် အိန္ဒိယက ရုရှားရေနံစိမ်းများဝယ်ယူခဲ့ရာ မတ်လမှစ၍ ဇူလိုင်လအထိ ၅ လတာအတွင်း ပထမဆုံးအကြိမ်အဖြစ် လျှော့ချလိုက်တာဖြစ်ပြီး ဆော်ဒီအာရေဗျရဲ့ ဈေးသက်သာသော ရေနံစိမ်းကို တိုးမြင့်ဝယ်ယူနေတာဖြစ်ပါတယ်။ ဇူလိုင်လမှာ ရုရှားရေနံ ပျမ်းမျှတစ်ရက်လျှင် စည်ပေါင်း ၈၇၇,၄၀၀ ကို အိန္ဒိယက ဝယ်ယူတင်သွင်းခဲ့ပါတယ်။ ဇွန်လထက် ၇ ဒသမ ၃ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့ပါတယ်။

ဆော်ဒီအာရေဗျက အာရှမှဝယ်လက်များကို ဇွန်လနှင့် ဇူလိုင်လမှာ တရားဝင်ရောင်းဈေး ဈေးလျှော့ ပေးခဲ့ပါတယ်။ ဆော်ဒီအာရေဗျ တစ်နိုင်ငံတည်းကသာ ချိုသာသောဈေးနှုန်းများဖြင့် အာရှဝယ်လက်များကို ဆွဲဆောင်နေတာတော့ မဟုတ်ပါဘူး။ ဈေးသက်သာတဲ့ အမေရိကန်ရေနံစိမ်းကလည်း တောင်ကိုရီးယားနှင့် အိန္ဒိယတို့မှ ရေနံချက်စက်ရုံများအတွက် ဝယ်ယူသူများကို ဆွဲဆောင်ပါတယ်။ ဇူလိုင်လတွင် အိန္ဒိယက ဆော်ဒီအာရေဗျမှ ရေနံတင်သွင်းမှုသည် ၂၅ ဒသမ ၆ ရာခိုင်နှုန်း

မြင့်တက်ခဲ့ပြီး သုံးလအတွင်း အမြင့်ဆုံးသို့ရောက်ရှိလာခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားပါတယ်။ ပျမ်းမျှ တစ်ရက်လျှင် စည် ၈၂၄,၇၀၀ တင်သွင်းခဲ့ပါတယ်။ လက်ရှိတွင် အိန္ဒိယနှင့် တရုတ်တို့က ရုရှားရေနံစိမ်းကို အများဆုံးတင်သွင်း နေတဲ့ ၂ နိုင်ငံ ဖြစ်ပါတယ်။ Source:Reuters

Source: https://www.industrialdirectory.com.mm/article/russian-oil-imports-exports-crude.html

## ဂျာမနီနိုင်ငံရှိ မြန်မာသံရုံး၊ စီးပွားရေးသံမှူးမှ German Coffee Association နှင့် တွေ့ဆုံဆွေးနွေး

ဟမ်းဘတ်မြို့အခြေစိုက် German Coffee Association မှ General Manager ဖြစ်သူ Mr. Holger Preibisch နှင့် ဂျာမနီရှိ မြန်မာသံရုံးမှ စီးပွားရေးသံမှူးတို့ ၂၉-၈-၂၀၂၂ ရက်နေ့တွင် Zoom meeting ဖြင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲမတိုင်မီ German Coffee Association ဘက်မှ တောင်းဆိုချက်အရ စီးပွားရေးသံမှူးက မြန်မာကော်ဖီ product profile နှင့် မြန်မာနိုင်ငံမှ အီးယူနိုင်ငံများနှင့် ဂျာမနီနိုင်ငံသို့တင်ပို့သည့် ပို့ကုန် အချက်အလက်များကို ပေးပို့ထားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးသံမှူးက မြန်မာနိုင်ငံအနေဖြင့် အာရေဗီကာနှင့် ရိုဘတ်စတာကော်ဖီများကို တစ်နှစ်ပျမ်းမျှ တန်ချိန် (၇၀၀၀) ခန့် ထုတ်လုပ်နိုင်ပြီး ပို့ကုန်အနေဖြင့်ပျမ်းမျှ တန်ချိန် (၈၀၀) မှ (၁၀၀၀) အကြား တင်ပို့နေခြင်းရှိကြောင်း၊ အာရှနိုင်ငံများ အမေရိကန်နိုင်ငံနှင့် အီးယူနိုင်ငံများ သို့ဖြစ်ကြောင်း၊ အီးယူနိုင်ငံများသို့ တင်ပို့မှုသည် တိုးတက်လာသော်လည်း ဂျာမနီနိုင်ငံသို့တင်ပို့မှုသည် ၂၀၁၈ ခုနှစ်မှစ၍ လျော့ကျလာခြင်းရှိကြောင်း၊ အီးယူနိုင်ငံများအနက် ဘယ်လ်ဂျီယမ်နိုင်ငံက အများဆုံးတင်သွင်းနေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့် ရာသီဥတုအခြေအနေများ၊ Cupping results များ မြင့်မားကောင်းမွန်မှုအရ အထူးတန်းဝင် အရည်အသွေးမြင့် Specialty Coffee များကို ၂၀၁၄-၂၀၁၅ ခုနှစ် လောက်မှစ၍ထုတ်လုပ်နိုင်ပြီး Development Projects များ၏ ပံ့ပိုးကူညီမှုများကလည်း ဈေးကွက်ဝင်ရောက်နိုင်ရန် များစွာ အထောက်အပံ့ပေးခဲ့ကြောင်း၊ မြန်မာကော်ဖီအသင်းကိုလည်း ဖွဲ့စည်းထားရှိပြီး အသင်းကဦးဆောင်၍ ယခုနှစ် ဖွန်လအတွင်း အီတလီနိုင်ငံ၊ မီလန် Coffee Expo ပွဲတွင် မြန်မာကော်ဖီကုမ္ပဏီများ ဝင်ရောက်ပြသခဲ့ကြကြောင်း၊ Specialty Coffee ကို ဂျပန်၊ ကိုရီးယား၊ အမေရိကန်နိုင်ငံနှင့် အီးယူနိုင်ငံများသို့ တင်ပို့နေကြောင်း၊ ဂျာမနီနိုင်ငံတွင်လည်း Specialty Coffee သောက်သုံးမှု ကို ပိုမိုနှစ်ခြိုက်လာကြသည်ကိုသိရှိပါကြောင်း၊ ဂျာမနီနိုင်ငံသို့ တင်ပို့နိုင်မှုအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်မည့်နည်းလမ်း များ၊ အကြံပြုချက်များရှိပါက ပံ့ပိုးပေးစေလိုကြောင်း ဆွေးနွေးပြောကြားပါသည်။

ဂျာမန်ကော်ဖီအသင်းမှ Mr. Holger Preibisch က ဂျာမနီနိုင်ငံသည် ကော်ဖီဈေးကွက်ကြီးမားပြီး အမေရိကန်နိုင်ငံ ပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး ကော်ဖီတင်သွင်းသူနှင့် ဥရောပတွင် အများဆုံးတင်သွင်းသူဖြစ်ကြောင်း၊ နှစ်စဉ်ပျမ်းမျှတန်ချိန် (၁၀) သန်းခန့် တင်သွင်းနေကြောင်း၊ မြန်မာနိုင်ငံ၏ ကော်ဖီဈေးကွက်ဝေစုသည် နည်းပါးနေပြီး ၂၀၁၇ ခုနှစ်နောက်ပိုင်း အီးယူနိုင်ငံများသို့ တင်ပို့မှုတိုးတက်လာသော်လည်း ဂျာမနီနိုင်ငံသို့တင်ပို့မှု ကျဆင်းလာခြင်းအတွက် အဖြေရှာစဉ်းစားရန် လိုအပ်ကြောင်း၊ မိမိတို့အသင်းအနေဖြင့် အဖွဲ့ဝင်များနှင့် ဂျာမန်ကော်ဖီလုပ်ငန်းကဏ္ဍအတွက် မူဝါဒ၊ ဥပဒေရေးရာ၊ နည်းပညာ နှင့် ထုတ်ကုန်အရည်အသွေးပိုင်း၊ ဈေးကွက်သုတေသနပိုင်း၊ သင်တန်းနှင့် ဆွေးနွေးပွဲများ စသည်တို့တွင် ပံ့ပိုးပေးနေပြီး ကုန်သွယ်မှုပိုင်း၊ ဈေးကွက်ဝင်ရောက်မှုပိုင်းနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံအခြေစိုက် Coffee trading houses များနှင့် ချိတ်ဆက် ဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ ဆက်သွယ်ရမည့် Contacts များပေးပို့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ trading houses များသည် Specialty Coffee ကို အလေးထားလုပ်ကိုင်နေကြသူများလည်းဖြစ်ပြီး အီးယူကော်ဖီလုပ်ငန်းအများစုနှင့် ချိတ်ဆက် ဆောင်ရွက်နေကြသူများလည်းဖြစ်ကြောင်း၊ အာရှဒေသတွင် ဗီယက်နမ်နိုင်ငံသည် အီးယူဒေသသို့ ကော်ဖီအများဆုံး တင်ပို့သူ ဖြစ်သော်လည်း အရည်အသွေးပိုင်းတွင် မြန်မာနိုင်ငံကဲ့သို့အထူးတန်းဝင်မဟုတ်ဘဲ ကွာခြားမှုရှိသည်ဟုယူဆကြောင်း ဆွေးနွေး ပြောကြားပါသည်။

ဆက်လက်၍ ဂျာမနီနိုင်ငံ၏ ကော်ဖီဈေးကွက်အခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ Certification လိုအပ်ချက် သည် ဈေးကွက်အလိုက် အမျိုးမျိုးကွာခြားကြောင်း၊ ဂျာမနီနိုင်ငံကော်ဖီဈေးကွက်တွင် Fairtrade Certificate သည် ၅ ရာခိုင်နှုန်း၊ Rainforest Certificate သည် ၁၀ ရာခိုင်နှုန်းခန့်နှင့် အော်ဂဲနစ် Certificate သည် ၃ ရာခိုင်နှုန်းခန့်သာ နေရာယူ ထားကြောင်း၊ ယေဘူယျအားဖြင့် ဂျာမနီနိုင်ငံရှိ ကော်ဖီထုတ်ကုန်အများစုသည် Certificate ကို များစွာအသုံးပြုမှုမရှိကြ ကြောင်း၊ Specialty Coffee အတွက်မူ အများအားဖြင့် Certification လိုအပ်ချက်အတွက် သီးခြား သတ်မှတ်မှုမျိုး မရှိကြဘဲ အရည်အသွေးကောင်းမွန်မှုကိုသာ အဓိကထားကြကြောင်း၊ ဂျာမန်စားသုံးသူများက Specialty Coffee ကို ပိုမိုသောက်သုံးလာ ကြပြီး ထုတ်လုပ်သူ Small roasters ပေါင်း (၁၀၀၀) ခန့်ရှိပြီး Specialty Coffee သည် ကော်ဖီဈေးကွက်ဝေစု၏ ၇ ရာခိုင်နှုန်း ရှိကြောင်း၊ ဂျာမနီနိုင်ငံတွင် ကော်ဖီသောက်သုံးမှုမှာ တစ်နှစ်ပျမ်းမျှ တန်ချိန် (၄၅၀၀၀၀) ခန့်ရှိရာ Specialty Coffee ၇ ရာခိုင်နှုန်းရှိခြင်းကြောင့် ဈေးကွက်အလားအလာများစွာရှိကြောင်း၊ ဘရီမင်၊ ဟမ်းဘတ်၊ ဘာလင်တို့တွင် roasting industry လုပ်ငန်းကြီးများ အဓိကလုပ်ကိုင်နေကြကြောင်း၊ ဂျာမန်ကော်ဖီလုပ်ငန်းများသည် နိုင်ငံအသီးသီးမှ ကော်ဖီအမျိုးအစားများကို

ရောနှော၍ roasting နှင့် blending ပြုလုပ်ကြပြီး အရသာတစ်မျိုးတည်းဖြစ်စေရန် နှစ်စဉ်ပြုလုပ်ကြကြောင်း၊ roasted coffee ကို တင်သွင်းခြင်းမပြုလုပ်ကြကြောင်း၊ Packaging အများစုတွင် country of origin ကို ဖော်ပြခြင်းမပြုကြဘဲ Specialty Coffee များတွင်သာ မြင်တွေ့နိုင်ကြောင်း ဆွေးနွေးသိရှိရပါသည်။

မြန်မာနိုင်ငံရှေ့တောင်သူကော်ဖီအဖွဲ့မှ ထုတ်လုပ်သော Catuai အမျိုးအစား Dry Natural နှင့် fully washed ကော်ဖီနမူနာများကို စီးပွားရေးသံမှူးက မိတ်ဆက်ပြသခဲ့ရာ Mr. Holger Preibisch က Coffee houses များသို့ အဆိုပါနမူနာအထုပ်များပေးပို့၍ ဆက်သွယ်ဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ မြန်မာနိုင်ငံမှကော်ဖီသည် Specialty Coffee တန်းဝင်အမျိုးအစားအနေဖြင့် အရည်အသွေးပြည့်ဝစွာထုတ်လုပ်နိုင်ပြီး ပြည့်စုံကောင်းမွန်မှုရှိသည်ကို သိရှိထားပါကြောင်း၊ ပိုမိုတိုးတက်ထုတ်လုပ်တင်ပို့စေလိုကြောင်း၊ မြန်မာကော်ဖီနှင့် ကော်ဖီစိုက်တောင်သူများအတွက် ဆုမွန်ကောင်းတောင်းပေးပါကြောင်း စသည်ဖြင့်ဆွေးနွေးပြောကြားပါသည်။ ဆွေးနွေးပွဲပြီးနောက် German Coffee Association က ဆက်သွယ်ဆောင်ရွက်ရမည့် Coffee trading houses များစာရင်းကို ပေးပို့လာခဲ့ပြီး ဆက်လက် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Source: သီတာဝင်းဌေး- စီးပွားရေးသံမှူး

# ပြည်တွင်းကုန်သွယ်မှုသတင်း

## လယ်ယာသုံးစက်ပစ္စည်းကိရိယာနှင့် အကျုံးဝင်သည့် ကုန်စည်လိုင်းများအား သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထုတ်ပြန်

စက်တင်ဘာ ၁ ရက်မှစတင်၍ လယ်ယာသုံးစက်ပစ္စည်းကိရိယာနှင့် အကျုံးဝင်သည့် ကုန်စည်လိုင်းများအား သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုကြောင်း ဩဂုတ် ၃၁ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၂) နှင့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ (၅/၂၀၂၂)တို့အရ သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းစာရင်းတွင်ပါဝင်သည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်နှင့် လယ်ယာသုံးစက်ကိရိယာများ တင်သွင်းမှု လွယ်ကူချောမွေ့စေရန်အတွက် ပူးတွဲပါကုန်စည်လိုင်းများအား ပြည်ပမှတင်သွင်းရာတွင် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ ပူးတွဲပါကုန်စည်လိုင်းများအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့မှ စတင်၍ သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုအပ်ဘဲ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းရန်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

စိုက်ပျိုးရေးထွက်ကုန်များအတွက် အခြောက်ခံစက်၊ စိုက်ပျိုးရေးနှင့် ဥယျာဉ်သုံး ရေ(သို့) ဆေးမှုတ်ကိရိယာ၊ ဆေးဖြန်းကိရိယာနှင့် အခြားကိရိယာ၊ စိုက်ပျိုးရေးဆေးဖြန်း၊ ဆေးမှုတ်ကိရိယာများ၏ အပိုပစ္စည်း၊ စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်သည့် ရွှံ့လှားစက်၊ ပစ္စည်းသယ်ယူစက်၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်းအတွက် စိုက်ပျိုးရေး၊ ထွန်၊ ပေါင်းရိတ်စက်၊ မျိုးစေ့ချစက်၊ မြေဩဇာဖြန့်စက်၊ အခြားစက်နှင့် ၎င်းစက်များအတွက် အပိုပစ္စည်းများ၊ ရိတ်သိမ်းခြွေလှေ့စက်၊ ဝါခြွေစက်၊ အသီးသန့်စင်ရွေးချယ်စက်နှင့် ၎င်းစက်များ၏အပိုပစ္စည်း၊ စက်ပစ္စည်းနှင့် တပ်ဆင်ထားသည့် စိုက်ပျိုးရေး၊ ဥယျာဉ်နှင့် မွေးမြူရေးသုံး မျိုးပေါက်စက်၊ ဥဖောက်စက်၊ စိုက်ပျိုးရေးသုံးအတွက် နောက်တွဲယာဉ်၊ တစ်ဝက်တစ်ပျက် နောက်တွဲယာဉ် စသည်တို့အပြင် အခြားသော လယ်ယာသုံးစက်ပစ္စည်းနှင့်အကျုံးဝင်သည့် ကုန်စည်များလည်းပါဝင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ Source: commerce.gov.mm

## အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာဧက ၁၁၂၀၀ လျာထားစိုက်ပျိုးမည်

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာဧက ၁၁၂၀၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍သိရသည်။

ယခုနှစ်တွင် အင်းတော်မြို့နယ်၌ နေကြာသီးနှံဧက ၁၁၅၆၀ စိုက်ပျိုးရန်လျာထားပြီး မိုးနေကြာဧက ၃၆၀ နှင့် ဆောင်းနေကြာဧက ၁၁၂၀၀ စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

“ဒီနှစ်အင်းတော်မြို့နယ်မှာ နေကြာဧက တစ်သောင်းကျော် စိုက်ပျိုးဖို့လျာထားတယ်။ ကျွန်တော်တို့ဆီမှာ အရင်က မိုးနေကြာမစိုက်ကြဘူး။ ဆောင်းနေကြာကိုပဲ အဓိကထားစိုက်ကြတယ်။ ဒီနှစ်မှ မိုးနေကြာစိုက်ကြတာ။ ဒီနှစ်ဆိုရင် ရာသီဥတုကောင်းမွန်တော့ နေကြာသီးနှံကို တိုးချဲ့စိုက်နိုင်မယ့်အနေအထားမှာရှိပါတယ်” ဟု ၎င်းကပြောပြသည်။

ယခုနှစ်တွင် အင်းတော်မြို့နယ်၌ ဆောင်းနေကြာစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ တောင်သူမှ တောင်သူမျိုးစေ့ဖလှယ်ခြင်း၊ သီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ သဘာဝမြေဆွေး ပြုလုပ်သုံးစွဲနည်းလမ်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် မိုးသီးနှံစုံ ၆၉၄၆၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ဩဂုတ် ၁၆ ရက်ထိ မိုးသီးနှံ ၁၈၃၂၅ ဧကပျိုးပြီးစီးနေပြီဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ Source: ရတနာပုံသတင်းစာ

## ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းလိုင်စင်လျှောက်ထားသူများကို ပျားမွေးမြူရေး အတတ်ပညာ စစ်ဆေးပြီး တတ်မြောက်မှသာ လိုင်စင်ထုတ်ပေးမည်

ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းလိုင်စင်လျှောက်ထားသူများကို ပျားမွေးမြူရေးအတတ်ပညာစစ်ဆေးပြီးတတ်မြောက်ကြောင်းလက်ခံနိုင်မှသာ လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း နေပြည်တော်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံ၌ ပျားမွေးမြူရေးလုပ်ငန်းများကို နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍက မွေးမြူလျက်ရှိရာ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပျားမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် လုပ်ငန်းလိုင်စင်လျှောက်ထားကြရကြောင်း၊ ပျားမွေးရေး လိုင်စင်လျှောက်ထားသူများသည် ပျားလုပ်ငန်းဌာနက ဖွင့်လှစ်ပို့ချပေးနေသည့် သင်တန်းတစ်ခုသို့ တက်ရောက်ပြီးသူ ဖြစ်ရ မည့်အပြင် ပျားမွေးမြူရေးလုပ်ငန်းကိုလည်း စိတ်ပါဝင်စားသူ ဖြစ်ရ မည်ဖြစ်ကြောင်းသိရသည်။

ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်း လိုင်စင်လျှောက်ထားသူကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဦးစီးမှူးများပါဝင်သောအဖွဲ့က ပျားမွေးမြူရေးအတတ်ပညာနှင့်ပတ်သက်၍ စစ်ဆေးကာ တတ်မြောက်ပြီးကြောင်းလက်ခံနိုင်မှသာ လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ပျားမွေးမြူရေးလုပ်ငန်းလိုင်စင် လျှောက်ထားသူသည် ပျားအုံများဝယ်ယူ၍ ကိုင်တွယ်မွေးမြူမည်ဆိုပါက ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းလိုင်စင် စာအုပ်ပြုလုပ်ထားရှိမှသာ မွေးမြူဆောင်ရွက်ရမည် ဖြစ်ကြောင်း သိရသည်။ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပျားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် အနည်းဆုံးပျားအုံ ၂၀ ရှိမှသာ မွေးမြူခွင့်လိုင်စင်ထုတ်ပေးမည်ဖြစ်ပြီး သက်တမ်းမှာ တစ်နှစ်ဖြစ်ကြောင်း၊ ပျားမွေးမြူရေးလုပ်ငန်း လိုင်စင်လျှောက်ထားရာတွင် မှတ်ပုံတင်မိတ္တူနှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူ၊ ပျား သင်တန်းတက်ရောက်ပြီးစီးမှု သက်သေခံလက်မှတ်၊ ကိုယ်ရေးအချက်အလက်အကျဉ်း၊ ပျားအုံစတင်မွေးမြူ သည့်ရက်စွဲ၊ ပျားအုံအရေအတွက်၊ မွေးမြူသည့် မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထုတ်ပြန်သော မွေးမြူရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်ခြင်းရှိ၊ မရှိ တိုင်းဒေသကြီး၊ ပြည်နယ်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူးများ၏ ထောက်ခံချက် မူရင်းများနှင့်အတူ နေပြည်တော်ရုံးအမှတ် (၃၆) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ပျားလုပ်ငန်းဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ Source: ရတနာပုံသတင်းစာ

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာနိုင်ငံမှ မတ်ပဲခြမ်း အိန္ဒိယနိုင်ငံ၏ ပဲဈေးကွက်တင်ပို့ရန်

စားသောက်ကုန် အရည်အသွေးရှိသည့် ပဲစင်းငုံဈေးသည် မဟာရပ်ရှ်တြာ (မဟာရဋ္ဌ) ပြည်နယ်မြို့တော် လက်တာတွင် ရူပီး ၉၇ မှ ၁၁၅ ရူပီးအထိ သိသိသာသာတက်သွားသည်။ မတ်ပဲ အခြမ်းနှင့် ပဲစင်းငုံအခြမ်း ဈေးနှုန်းများ ပြီးခဲ့သည့် သီတင်းပတ် ၆ ပတ်အတွင်း ၁၅ ရာခိုင်နှုန်းကျော် ဈေးတက်သည်။ ရေကြီးသဖြင့် ပဲခင်းများ ပျက်စီးကုန်သဖြင့် အထွက်နည်းမည်ဟု ယူဆနိုင်သောကြောင့် ဈေးတင်ထားလိုက်ကြသည်။ ရေကြီးခြင်းအပြင် ယခင်လက်ကျန်နည်းပါးနေခြင်း၊ စိုက်ဧကနည်းခြင်းတို့က မတ်ပဲအခြမ်းနှင့် ပဲစင်းငုံအခြမ်းဈေးနှုန်းများ ဈေးတက်အောင်ဆွဲတင်ပေးသည့် အဓိကအချက်များဖြစ်သည်။ လက်တာမြို့တော် ပဲဈေးကွက်တွင် ပဲစင်းငုံအခြမ်း ပဲခွဲစက် စက်ရုံဈေး လွန်ခဲ့သည့် ၆ ပတ်က တစ်ကီလို ရူပီး ၉၇ ရှိခဲ့ပြီး ယခု ရူပီး ၁၁၅ အထိ တက်လာသည်။ စိုက်ဧကကို ကြည့်လျှင် မတ်ပဲ စိုက်ဧက ယခင်နှစ်ထက် ၄ ဒသမ ၆ ရာခိုင်နှုန်းလျော့နည်းပြီး ပဲစင်းငုံက ၂ ရာခိုင်နှုန်းလျော့နည်းကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည်။ ထို့အပြင် ပဲစင်းငုံစိုက်ပျိုးသည့် အရေးကြီးသောဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ထွက်ပေါ်လာသည့် ရေများတင်နေခြင်းကြောင့် သီးနှံများပျက်စီးမည်ကိုစိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။ "လက်ရှိတွင် ပဲစင်းငုံဈေးခိုင်ဖို့ အခြေခံများအားကောင်းနေပါတယ်။ ယခင်ရာသီ လက်ကျန်ကြီးကြီးမားမားမရှိပါဘူး။ လယ်သမားတွေက ပဲပုပ်ပဲ စိုက်တဲ့ဆီကိုပြောင်းကုန်ကြလို့ ပဲစင်းငုံ စိုက်ဧကလျော့ကျတယ်" ဟု မဟာရပ်ရှ်တြာမှ ပဲအမျိုးမျိုး သွင်းကုန်လုပ်ငန်းရှင် Harsha Rai က Economic Times ကို ပြောကြားသည်။

အာဖရိကမှ အပ်နှံပို့ကုန် တန်ချိန် ၅,၀၀၀,၀၀၀ သည် ယခုသြဂုတ်လနှင့် စက်တင်ဘာလတို့တွင် ရောက်ရှိလာမည်ဟု သူမက မျှော်လင့်ထားကြောင်းပြောပြသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မတ်ပဲများ ထိခိုက်မှု ပိုများနိုင်ကြောင်း၊ သို့သော် ဈေးကွက်အခြေအနေ ဆိုးဝါးမည်မဟုတ်ကြောင်း၊ ပြည်ပမှ ပိုမိုတင်သွင်းပြီး ဖြည့်တင်းလိမ့်မည်ဟု သူမက ပြောကြားသည်။ "မတ်ပဲစိုက်တဲ့ မဟာရပ်ရှ်တြာ၊ ဂူဂျာရပ်၊ ကာနာတာကာ ပြည်နယ် ၃ ခုမှာ စိုက်ခင်းတွေ ပျက်စီးပေမဲ့ မတ်ပဲ အများဆုံးစိုက်တဲ့ မဒ္ဒရာပရာဒက်ရှ်၊ ဥတ္တာပရာဒက်ရှ်ပြည်နယ်နှင့် ဒုတိယအများဆုံးစိုက်တဲ့ပြည်နယ်တွေမှာ အခြေအနေတွေ ကောင်းနေပါတယ်" ဟု 4 P International မှ ညွှန်ချုပ် B Krishnamurthy က ပြောကြားသည်။

မိုးကြောင့် ပဲစိုက်ခင်းများ ထိခိုက်ပျက်စီးသော်လည်း မတ်ပဲအခြမ်း ဈေးနှုန်း ဆက်လက်တည်ငြိမ်နေမည်ဟု သူက ခန့်မှန်းထားသည်။ မြန်မာနိုင်ငံမှ ပဲတင်သွင်းမှု ပိုများလာမည်ဟု သူက ယူဆထားသည်။ "ပြီးခဲ့တဲ့ လေးလတာကာလအတွင်း မြန်မာနိုင်ငံမှာ ငွေကြေးပြဿနာကြောင့် အိန္ဒိယက မြန်မာမတ်ပဲကို များများစားစား မရခဲ့ပါဘူး။ လစဉ် မတ်ပဲခြမ်း တင်သွင်းမှုကို ၅၀ ရာခိုင်နှုန်းကျော် လျော့ကျနေခဲ့ပါတယ်" ဟု Krishnamurthy က ပြောကြားသည်။

မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များအတွက် ငွေကြေးပြဿနာ ပြေလည်သွားပြီးသည့်အခါ မြန်မာမတ်ပဲခြမ်းများ ပိုမိုတင်သွင်းဖို့ အဆင်ပြေမည်ဟုသူကဆိုသည်။ မတ်ပဲခြမ်းနှင့် ပဲစင်းငုံခြမ်းတို့၏ ဈေးနှုန်းများ မြင့်တက်နေစဉ် စားသုံးသူတို့ သက်သာရာရသည်မှာတစ်နှစ်ပတ်လုံး ဈေးမြင့်နေသည့် ပဲနီလေး ဈေးကျဆင်းခဲ့ခြင်းဖြစ်သည်။ ပြည်ပမှ တင်သွင်းသည့် ပဲနီလေး တစ်ကီလိုဈေးနှုန်းသည် ဇွန်လတွင် Rs ၇၁ ဒသမ ၅၀ ဖြစ်ခဲ့ပြီး သြဂုတ်လ ၈ ရက်တွင် Rs ၆၇ အထိ ကျဆင်းခဲ့ပါသည်။

"ကနေဒါမှာ ယခုအခါ ပဲနီလေးတွေ ရိတ်သိမ်းနေတယ်။ အထွက်နှုန်းက ယမန်နှစ်ကထက် ၄၀ ရာခိုင်နှုန်း ပိုများမယ်လို့ ခန့်မှန်းထားကြတယ်။ အိန္ဒိယမှာ ပဲနီလေး တင်သွင်းတဲ့အပေါ် သွင်းကုန်က သုည။ အခွန် မကောက်ဘူး။ ကနေဒါ ပဲနီလေးတွေ ရောက်လာတော့မှာဆိုတော့ ကုန်သည်တွေက လက်ကျန်တွေ ရှင်းထုတ်နေကြရတယ်။ ဒီတော့ ဈေးကျသွားတယ်" ဟု Harsha Rai က ပြောကြားသည်။ "ပဲနီလေးဈေးမြင့်တော့ ဝယ်လိုအား ပျောက်သွားတာ ကျွန်မတို့ မျက်မြင်ကိုယ်တွေ့ကြုံရတယ်။ တကယ်လို့ ပဲနီလေးဈေးနှုန်းကဆက်လက်မြင့်မားနေဦးမယ်ဆိုရင် ပဲနီလေးအစား အခြားဈေးသက်သာတဲ့ ပဲကိုအတိုင်းအတာ တစ်ခုအထိပြောင်းသုံးကြလိမ့်မယ်။ ပဲစင်းငုံကိုပြောင်းသုံးကြရင် ပဲစင်းငုံဈေးက ဆက်ခိုင်နေအောင် ဝယ်လိုအားက အထောက်အပံ့ပြုပေးနေလိမ့်မယ်" ဟု သူမကပြောကြားသည်။ ကုလားပဲခြမ်းနှင့် ပဲတီစိမ်း ဈေးနှုန်းတွေ တည်ငြိမ်နေပါတယ်။ အစိုးရက ကုလားပဲနှင့် ပဲတီစိမ်း နှစ်မျိုးစလုံး အရန် သိုလှောင်ပေးထားတာ အလုံအလောက်ရှိနေလို့ ဈေးမတက်အောင် ထိန်းပေးထားတယ်" ဟု ပဲအမျိုးမျိုး သွင်းကုန်လုပ်ငန်းရှင် Vivek Agarwal က ပြောကြားသည်။Source:economictimes.indiatimes

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4826-the-indian-bean-market-in-myanmar.html

## မြန်မာ-ရုရှား နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်နိုင်ရန် မော်စကိုမြို့၌ကျင်းပမည့် ခရီးသွားလုပ်ငန်း ပြပွဲ သို့ ပါဝင်ပြသမည်

မြန်မာ-ရုရှားနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်နိုင်ရန် ၂၀၂၃ ခုနှစ် မတ်လအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် ခရီးသွားလုပ်ငန်းပြပွဲသို့ ပါဝင်ပြသမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရီးသွားလုပ်ငန်းပြပွဲတွင် မြန်မာနိုင်ငံအတွင်းမှ ခရီးသွားကုမ္ပဏီများ မြန်မာနိုင်ငံအခြေစိုက် ပြည်ပခရီးသွားကုမ္ပဏီများ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်များမှ သွားရောက်ပြသကြမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ခရီးစဉ်များကိုလည်း မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံနဲ့ ရုရှားဖက်ဒရေးရှင်းတို့ကြားမှာ ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်နိုင်ဖို့အတွက် ပြည်တွင်းမှာလည်း ပြင်ဆင်မှုတွေလုပ်နေသလို ပြည်ပမှာလည်း ပြင်ဆင်မှုတွေ လုပ်နေပါတယ်။ ပြည်တွင်းအနေနဲ့ကတော့ ရုရှားခရီးသွားတွေ ဝင်ရောက်လာတဲ့အခါမှာ အသင့်ဖြစ်နေစေဖို့အတွက် ခရီးသွားလုပ်ငန်းတစ်ခုလုံးမှာ ကဏ္ဍအသီးသီးက ပါဝင်နေသူတွေကို အခြေခံရုရှားဘာသာစကားပြောသင်တန်း နှစ်လသင်တန်းကို စဖွင့်နေပါပြီ။ ပထမအဆင့်အနေနဲ့ ပြင်ဦးလွင်၊ မန္တလေးနဲ့ ရန်ကုန်မှာ စဖွင့်နေပါပြီ။ နောက်မှ ကျန်တဲ့မြို့ကြီးတွေမှာ ဆက်ဖွင့်သွားမှာပါ။ ပြည်ပအတွက်ကတော့ မော်စကိုမြို့မှာလုပ်မဲ့ ခရီးသွားလုပ်ငန်းပြပွဲမှာ မြန်မာနိုင်ငံက ခရီးသွားကုမ္ပဏီတွေ သွားရောက်ပြသမှာဖြစ်ပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က ပြောပြသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ပါဝင်လုပ်ကိုင်သူများကို အခြေခံရုရှားဘာသာစကားပြောသင်တန်း နှစ်လသင်တန်းကို ဖွင့်လှစ်ပို့ချပေးလျက် ရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ထောပတ်သီးကို ပြည်ပနိုင်ငံများသို့ လာမည့်ထောပတ်သီးရာသီတွင် တွင်ကျယ်စွာ တင်ပို့ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်နေ

မြန်မာ့ထွက်ကုန်သီးနှံဖြစ်သော ထောပတ်သီးများကို ပြည်ပနိုင်ငံများသို့ လာမည့်ထောပတ်သီးရာသီတွင် တွင်ကျယ်စွာ တင်ပို့ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဒုဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

အဆိုပါထောပတ်သီးများကို ပြည်ပနိုင်ငံဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန် အသင်းရှိတာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း၊ ယင်းထောပတ်သီးကို နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် စတင်ခူးဆွတ်ပြီး ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း၊ လာမည့်ထောပတ်ရာသီတွင် ပြည်တွင်းဈေးကွက်များသာမက ပြည်ပနိုင်ငံဈေးကွက်များသို့ တွင်ကျယ်စွာရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရသည်။ "ဈေးကွက်ဝင်ဖြစ်တဲ့ ထောပတ်သီးတွေကို ပြည်ပနိုင်ငံတွေကို လာမည့်ထောပတ်ရာသီမှာ ရောင်းချဖို့ချိတ်ဆက်နေ ပါတယ်။ အသီးမှည့်ချိန်လည်းမရောက်သေးပါဘူး။ လက်ရှိမှာ ရင်းနှီးမြှုပ်နှံတဲ့သူ တော်တော်များများ ထောပတ်စိုက်ပျိုးရေး နယ်ပယ်ထဲကို ခြေချလာတာများတယ်။ အသစ်ဝင်ရောက်လာကြတာများတယ်။ ကေယ်တွေ ရင်းနှီးမြှုပ်နှံတာများပါတယ်။ ထောပတ်သီးကို ပြည်ပဈေးကွက်ထဲမှာ တွင်တွင်ကျယ်ကျယ် တင်ပို့ရောင်းချနိုင်ဖို့ ဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်။ အလားအလာကောင်းများတော့ရှိလာမှာပါ။ ဈေးကွက်ဝင် ဟက်စ်အမျိုးအစား ထောပတ်သီးတွေကိုလည်း တိုးချဲ့စိုက်ပျိုး နေတာတွေ ရှိပါတယ်"ဟု ၎င်းကဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ထောပတ်သီးကို စိုက်ပျိုးကြပြီး ထောပတ်သီးအမျိုးအစားအနေဖြင့် ၂၃ မျိုးရှိကာ လက်ရှိထောပတ်သီးစိုက်ကေများအနေဖြင့် ၂၀၀၀၀ ဝန်းကျင်ရှိကြောင်း၊ ထောပတ်သီးစိုက်ပျိုးသည့် တောင်သူဦးရေမှာ ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

Source: မြန်မာ့အလင်းသတင်းစာ

## ရေချိုငါးမြစ်ချင်းများ သားဖောက်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရန်ဆောင်ရွက်မည်

မင်းပြား-ပေါက်တော ကားလမ်းဘေး ချောင်းရှည်ရွာ ငါးသားဖောက်စခန်းတွင် ဩဂုတ်လမှစတင်ကာ ငါးမြစ်ချင်း သားဖောက်လုပ်ငန်းများကို မွေးမြူရေးကေ ၁၀၀၀ အထိ ဆောင်ရွက်နေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ရန်ဆောင်ရွက် မည်ဖြစ် ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေချိုငါး၊ ပုစွန်မွေးမြူမှုနည်းသောနေရာ၌ ဝယ်လိုအားရှိနေသော ငါးမြစ်ချင်းကို အနီးဆုံးဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ တင်ပို့နိုင်ရန် ရှေးပြေး Pilot Project အနေဖြင့် ငါးမွေးမြူရေးဇုန်ကို စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရေချိုမွေးမြူရေးကေ ၁၀၀၀ နှင့် ရေငန်မွေးမြူရေးကေ ၁၅၀၀ ရှိသည့်အနက် ရေချိုမွေးမြူရေးကို ကနဦး အကောင်အထည်ဖော်ခြင်းဖြစ်ပြီး၊ ဒေသခံမွေးမြူရေးလုပ်သားများအနေဖြင့် ယင်းကို စိတ်ဝင်စားပါက တာဝန်ယူ ဆောင်ရွက်နေသော ကုမ္ပဏီမှ နည်းပညာနှင့် အရင်းအနှီးစိုက်ထုတ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မွေးမြူရေးကန်ကေ ၁၀၀၀ မှထွက်ရှိသော ငါးမြစ်ချင်းကို အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ပြီး ရေချိုငါး ဈေးကွက်ကြီးတစ်ခု ပေါ်ထွန်းလာရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး ရေချို/ရေငန် အမှန်တကယ်မွေးမြူမှု အဆင်ပြေစေရန် အတွက် ပြည်နယ်အစိုးရက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ငါးမြစ်ချင်းကို ပြည်ပပို့ကုန်အတွက် ၂ နှစ် မွေးမြူလေ့ရှိပြီး ပထမတစ်နှစ်တွင် သားပေါက်မှ ငါးဖျန်းအရွယ်၊ ဒုတိယနှစ်တွင်ငါးဖျန်းမှ ရောင်းတန်းဝင်နှစ်ကီလိုကျော်အရွယ် မွေးမြူကြကြောင်းသိရသည်။ Source: MDN
https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4869-the-fish-will-be-hatched-and-exported-to-bangladesh.html

# အထူးဆောင်းပါးများ

## အာရှစပါး အထွက်နည်းမည်ဟု ခန့်မှန်း

အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်တို့တွင် ဆန်ထွက်ရှိမှုအပေါ် ထိခိုက်မှုရှိသဖြင့် အထွက်လျော့နည်းမည်ဟု ခန့်မှန်းထားကြသည်။

- အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်တို့တွင် ဆန်ထွက်ရှိမှု လျော့နည်းခြင်းနှင့် အရည်အသွေး ထိခိုက်ခြင်း ဖြစ်ပွားလျက် ရှိသည်။
- စားနပ်ရိက္ခာ ကုန်ဈေးနှုန်းများ စံချိန်တင် မြင့်တက်နေစဉ် ရာသီဥတု ဖောက်ပြန်မှုကြောင့် စပါးသီးနှံများ ထိခိုက် ပျက်စီးမှု ရှိနေသည်။
- ယခုနှစ်တွင် ဂျုံ၊ ပဲပုပ်ပဲများ ဈေးနှုန်း အထွတ်အထိပ်ရောက်နေစဉ် ဆန်ဈေးနှုန်း အေးနေသည်။
- စပါးရိတ်သိမ်းမှုရာသီ ပြီးဆုံးချိန်တွင် အာဖရိကနှင့် အာရှ ဝယ်လိုအားများ မြင့်တက်လာနေသည်။

အာရှမှ ထိပ်တန်း ဆန်တင်ပို့ရောင်းချသည့်နိုင်ငံများတွင် ရာသီဥတု မျက်နှာသာမပေးသည်ကို ကြုံနေကြသည်။

ကမ္ဘာ့ ဆန်အများဆုံးတင်ပို့သော နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် စပါးစိုက်ဧက လျော့ကျသဖြင့် အထွက်နည်းလိမ့်မည်ဟု ခန့်မှန်းထားကြသည်။

ကမ္ဘာ့အရေးအကြီးဆုံး အဓိက အစားအစာ ဆန်အထွက်နည်းခဲ့လျှင် စံချိန်တင်မြင့်မားနေသော စားသောက်ကုန် ကုန်ဈေးနှုန်းများ စံချိန်သစ်တင်အောင် ထပ်မံမြင့်တက်စေလိမ့်မည်။ ပြီးခဲ့သည့် ၂ နှစ်တာတွင် စပါးအထွက်ကောင်းနေခဲ့သည်။ ဆန်ပို့ကုန်လုပ်ငန်းများထံ လက်ကျန်ဆန်များလည်း များများစားစား ရှိနေခဲ့သည်။ သို့ဖြစ်ရာ စားသောက်ကုန်များ ကုန်ဈေးနှုန်း မြင့်တက်လာနေသည့်စီးကြောင်းတွင် ဆန်ကလိုက်ပါလာခြင်းမရှိခဲ့ချေ။ COVID-19 ကပ်ဘေး၊ ပစ္စည်းပေးပို့သည့် ကွင်းဆက်တွင် အနှောက်အယှက်များ ဖြစ်ပေါ်နေခြင်း၊ ရုရှား-ယူကရိန်းပဋိပက္ခတို့ကြောင့် ဂျုံ၊ ပြောင်း အစရှိသော ကောက်ပဲသီးနှံများ ဈေးမြင့်တက်သော်လည်း ပို့ကုန်ဆန်ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာခြင်း မရှိခဲ့ချေ။

ကမ္ဘာ့စပါးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းသည် အာရှမှာစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ယခုအခါ ရာသီဥတု မျက်နှာသာ မပေးသည်ကို ကြုံနေသဖြင့် စပါးအထွက် လျော့ကျဖွယ် ရှိသည်။ သို့ဖြစ်ရာ ကုန်သည်များနှင့် ဆန်းစစ်လေ့လာသူများက ဆန်ဈေးနှုန်းများ မြင့်တက်ဖွယ်ရှိသည်ဟု မှန်းဆကြသည်။ "ဆန်အဓိက တင်ပို့တဲ့နိုင်ငံတွေမှာ ထုတ်လုပ်မှု နိမ့်ကျမှုနဲ့အတူ ဆန်ဈေးတက်နိုင်တဲ့ အလားအလာ ရှိပါတယ်" ဟု National Australia Bank မှ စိုက်ပျိုးစီးပွား ဘောဂဗေဒပညာရှင် Phin Ziebell က ပြောကြားသည်။ ဖွံ့ဖြိုးဆဲကမ္ဘာမှ နိုင်ငံများတွင် စားနပ်ရိက္ခာ ဝယ်စားဖို့ ငွေကြေးတတ်နိုင်မှုအတွက် ကြီးမားသော စိန်ခေါ်မှုများ ကြုံနေကြရာ၌ ဆန်ဈေးနှုန်း မြင့်တက်လာခြင်းသည် ဘူးလေးရာ ဖရုံဆင့် ဖြစ်လိမ့်မည်ဟု Ziebell က ပြောကြားသည်။

ကမ္ဘာ့ထိပ်တန်း စပါးထုတ်လုပ်သည့် ၄ နိုင်ငံကို ကြည့်လျှင် အိန္ဒိယနိုင်ငံတွင် စပါးစိုက်သည့် ဒေသများတွင် ကွက်ကြားမိုး ရွာသည်။ မိုးနည်းသဖြင့် စပါးမစိုက်ရသေးသည့် လယ်ဧကများ ကျန်ရှိနေသည်။
တရုတ်နိုင်ငံတွင် အပူလှိုင်း ရိုက်ခတ်သည်။ ပုံမှန်အားဖြင့် စပါးအထွက်များသည့် ဘင်္ဂလားဒေ့ရှ်တွင် စပါးခင်းများ ရေလွှမ်းခံရသည်။ ဗီယက်နမ်တွင် ရိတ်သိမ်းချိန် မိုးဖျက်သဖြင့် စပါးအရည်အသွေး ကျဆင်းသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ စီးပွားရေးပညာရှင် Shirley Mustafa က " ယခုနှစ်အစောပိုင်းမှာ စားသောက်ကုန်ဈေးနှုန်းများ စံချိန်တင်အဆင့်သို့ မြင့်တက်ရောက်ရှိခဲ့သော်လည်း ဆန်ဈေးနှုန်းက လက်လှမ်းမီနိုင်ဆဲ ဖြစ်နေခဲ့ပါတယ်။ အခု ကျွန်တော်တို့ အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်တို့ အပါအဝင် အဓိက ဆန်ထွက်သည့် နိုင်ငံအချို့တွင် ရာသီဥတုနှင့် ဆက်နွှယ်သော ဆုတ်ယုတ်မှုများ ကြုံနေရပါတယ်။ လာမယ့် ရက်သတ္တပတ်အနည်းငယ်အတွင်း အခြေအနေတွေ ကောင်းမလာဘူးဆိုရင် အထွက်နှုန်း လျော့ကျသွားနိုင်ပါတယ်"ဟု ပြောကြားသည်။

ကမ္ဘာ့ကောက်နှံဈေးနှုန်းများသည် ၂၀၂၂ ခုနှစ်တွင် မြင့်တက်လာခဲ့သော်လည်း ဆန်ဈေးနှုန်းက နှိုင်းစာပါက အတက်မရှိခဲ့ချေ။ ယခု ဆန်ထုတ်လုပ်မှု ပမာဏ လျော့ကျနိုင်ဖွယ် ဖြစ်နေသည်။ သို့သော် ဆန်လက်ကျန် များပြားနေသည်။

အိန္ဒိယနိုင်ငံမှ စပါးအများဆုံး ထွက်သည့် ပြည်နယ်များ ဖြစ်သည့် ဘီဟာ၊ ဥတ္တရပဒေသ၊ အနောက်ဘင်္ဂေါ၊ ဂျခန်တို့တွင် ယခုစပါးစိုက်သည့် ရာသီတွင် မုတ်သုန်မိုး လုံလုံလောက်လောက်မရွာ၊ ၄၅ ရာခိုင်းနှုန်းလျော့နည်းသည်။ ထို့အတွက်ကြောင့် စပါးစိုက်ဧရိယာ ၁၃ ရာခိုင်နှုန်းလျော့နည်းမည်။ ဆန်ထုတ်လုပ်မှု တန်ချိန် ၁၀ သန်း လျော့ကျမည်။ ယမန်နှစ်ထက် ၈ ရာခိုင်နှုန်း နည်းမည်ဟု အိန္ဒိယ ဆန်တင်ပို့သူများအသင်း All India Rice Exporters Association ဥက္ကဋ္ဌ B.V. Krishna Rao က ပြောကြားသည်။ လယ်သမားအချို့က စပါးမစိုက်ဘဲ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုးကြခြင်း ကြောင့်လည်း စပါးစိုက်ပျိုးမှု ကျဆင်းသွားသည်ဟု Rao က ပြောသည်။

အိန္ဒိယနိုင်ငံ၏ နွေစပါး စိုက်ပျိုးထုတ်လုပ်မှု ပမာဏသည် တစ်နှစ်တာ စပါးထုတ်လုပ်မှု ပမာဏ၏ ၈၅ ရာခိုင်နှုန်း ကျော်ရှိသည်။ "အိန္ဒိယမှာ ဆန်ထုတ်လုပ်မှု ကျဆင်းတာ သေချာနေပြီဆိုတော့ အိန္ဒိယအစိုးရက ဘယ်လို တုံ့ပြန်မလဲ ဆိုတာ မေးခွန်းထုတ်စရာပါ" ဟု မွန်ဘိုင်းအခြေစိုက် ကမ္ဘာ့ကုန်သွယ်ရေးလုပ်ငန်းမှ ကုန်သည်တစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် ဆန်နှင့် စပါး စုစုပေါင်း လက်ကျန်သည် တန်ချိန် ၅၅ သန်း ဖြစ်သည်။ လျာထားသည်မှာ တန်ချိန် ၁၃.၅၄ သန်းဖြစ်သဖြင့် လက်ကျန် အလျှံပယ် ဖြစ်နေသည်။ ထိုအချက်ကြောင့် ပြီးခဲ့သည့်နှစ်တွင် ဆန်ဈေး ကျဆင်းနေခဲ့သည်။

အိန္ဒိယက စံချိန်တင် တန်ချိန် ၂၁.၅ သန်းကို ၂၀၂၁ တွင် တင်ပို့ခဲ့သည်။ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် အမေရိကန် ၄ နိုင်ငံတို့မှ တင်ပို့သည့် ဆန်တန်ချိန် စုစုပေါင်းထက် ကျော်လွန်သည်။ "ဒါပေမဲ့ အစိုးရက ပြည်တွင်း စားသောက်ကုန် ကုန်ဈေးနှုန်းနဲ့ ပတ်သက်ပြီး အကဲဆတ်တယ်။ အနည်းငယ် မြင့်တက်လာတာနဲ့ ပို့ကုန်ကန့်သတ်ချက်တွေကို ပြဋ္ဌာန်းပါတယ်" ဟု ကုန်သည်တစ်ဦးက ပြောသည်။ အိန္ဒိယအစိုးရက ပြည်တွင်း ဂျုံဈေး တက်လာသည့်အခါ ဂျုံတင်ပို့မှုကို ပိတ်ပင်လိုက်သည်။ များမကြာမီ သကြားဈေးနှုန်း တက်ရိပ်ပြလာသဖြင့် သကြားတင်ပို့မှုကို အကန့်အသတ်ဖြင့်သာ တင်ပို့စေသည်။

ဗီယက်နမ်တွင် ရိတ်သိမ်းချိန်အတွင်း မိုးရွာသွန်းမှုကြောင့် စပါးအရည်အသွေး ပျက်စီးခဲ့သည်။ "စပါးရိတ်သိမ်းချိန်မှာ ဒီလောက်မိုးရွာတာ တစ်ခါမှ မတွေ့ဖူးဘူး။ ပုံမှန်မဟုတ်တာပါပဲ" ဟု မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ Bac Lieu အခြေစိုက် အသက် ၅၀ အရွယ် လယ်သမား Tran Cong Dang က ပြောသည်။ “ဆယ်ရက်အတွင်းမှာပဲ စုစုပေါင်း တိုင်းထွာတဲ့မိုးရေချိန်က အရင်လ တစ်လလုံးစုစုေပါင်း မိုးရေချိန်နဲ့ အတူတူပါပဲ” ဟု Dang က ပြောသည်။ ရေကြီးမှုကြောင့် သူစိုက်ပျိုးသည့် စပါးခင်း ၂ ဟက်တာ အထွက်နှုန်း ၇၀ ရာခိုင်နှုန်း ဆုံးရှုံးမည်ဟု သူက ခန့်မှန်းထားသည်။

ကမ္ဘာ့ဆန်အများဆုံး စားသုံးသည့်နိုင်ငံ နှင့် ကမ္ဘာ့ဆန်အများဆုံး တင်သွင်းသည့် နိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် စပါးစိုက်ပျိုးသော ဒေသများတွင် အပူလွန်ကဲမှုကြောင့် အထွက်နှုန်း ဆုံးရှုံးမှု ကြုံတွေ့ခဲ့ရသည်။ အမေရိကန် စိုက်ပျိုးရေးဌာနမှ တရုတ်နိုင်ငံသည် ၂၀၂၂-၂၃ တွင် ဆန်တန်ချိန် ၆ သန်းအထိ စံချိန်တင် တင်သွင်းလိမ့်မည်ဟု ခန့်မှန်းထားသည်။ ယမန်နှစ်က တရုတ်နိုင်ငံသည် ဆန်တန်ချိန် ၅.၉ သန်း တင်သွင်းခဲ့ပါသည်။

ကမ္ဘာ့ဆန်စားသုံးမှုတွင် တတိယနေရာမှာ ရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ရေလွှမ်းမိုးမှုကြောင့် စပါးခင်းများ ပျက်စီးသည်။ ပြည်ပမှ ဆန်တင်သွင်းဖို့ ကုန်သည်များကို အစိုးရက တိုက်တွန်းနေသည်။ ဆန်သွင်းကုန်ခွန်ကို လျှော့ပေါ့ပေး ထားသည်။

အိန္ဒိယမှလွဲ၍ အခြားနိုင်ငံများတွင် ဆန်စပါး ထုတ်လုပ်မှု လျော့ကျသည့် အတိုင်းအတာ အပြည့်အစုံ သိရှိနိုင်ဖို့မှာ လေ့လာသုံးသပ်သူများ၊ အစိုးရဌာနများက နှစ်ကုန်ပိုင်းတွင်သာ ထုတ်ပြန်လေ့ရှိသော ထုတ်ပေးသည့်ဒေတာများကို စောင့်ရမည် ဖြစ်သည်။ Source: Reuters

https://www.industrialdirectory.com.mm/article/global-rice-supplies.html

## တရုတ်နှင့် ရုရှား နှစ်နိုင်ငံကုန်သွယ်မှု ပုံမှန်ရှိနေဆဲဖြစ်ပြီး နောင်တွင် ထပ်မံတိုးလာနိုင်ကြောင်း ရုရှားသည် ဇူလိုင်လတွင် တတိယအကြီးဆုံး ယွမ်ငွေပေးချေမှု ဈေးကွက်ဖြစ်လာကြောင်း သုံးသပ်သူများကဆို

တရုတ်နိုင်ငံ၏ ငွေကြေးဖြစ်သော ယွမ်ငွေသည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် တန်ဖိုးအားဖြင့် ကမ္ဘာလုံးဆိုင်ရာ ငွေပေးချေမှုများအတွက် ပဉ္စမအတက်ကြွဆုံးငွေကြေးအဖြစ် ရပ်တည်ခဲ့ပြီး တည်ငြိမ်သော နိုင်ငံတကာအသွင်ကူးပြောင်းရေး အရှိန်အဟုန်ကိုအချက်ပြခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် ရုရှားသည် ကမ္ဘာလုံးဆိုင်ရာငွေပေးချေမှုများအတွက် ယွမ်ငွေကို အသုံးပြုသော တတိယအကြီးဆုံးဈေးကွက်ဖြစ်လာကြောင်း ကမ္ဘာ့ဘဏ္ဍာရေးစာပို့လုပ်ငန်း Society for Worldwide Interbank Financial Telecommunication (SWIFT) မှ ၁၉-၈-၂၀၂၂ ရက်နေ့တွင် ဖော်ပြခဲ့ပါသည်။

ယွမ်၏ရှယ်ယာသည် ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ၁ ဒသမ ၈၆ ရာခိုင်နှုန်းရှိနေရာမှမြင့်တက်ခဲ့ပြီး ဇူလိုင်လတွင် ၂ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ၊ ယူရို၊ ဗြိတိန်ပေါင်နှင့် ဂျပန်ယန်းတို့ နောက်တွင်ရှိနေခဲ့ကြောင်း ယင်းတို့အနက် အမေရိကန်ဒေါ်လာနှင့် ယွမ်တို့သည် တစ်လအတွင်း အသုံးပြုမှုတိုးလာသည်ကိုတွေ့ရသည့် ငွေကြေးနှစ်မျိုးဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ၏ ရှယ်ယာသည် ဇွန်လတွင် ၃၈ ဒသမ ၇၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ဇူလိုင်လတွင် ၄၁ ဒသမ ၁၉ ရာခိုင်နှုန်း အထိတိုးလာပြီး ကမ္ဘာလုံးဆိုင်ရာ ငွေပေးချေမှု အများဆုံးငွေကြေးအဖြစ် ၎င်း၏ရပ်တည်ချက်ကို ဆက်လက်ထိန်းသိမ်း ထားကြောင်း၊ ယူရိုငွေသည် ဇွန်လတွင် ၃၆ ဒသမ ၄၆ ရာခိုင်နှုန်းမှ ဇူလိုင်လတွင် ၃၅ ဒသမ ၄၉ ရာခိုင်နှုန်းသို့ကျဆင်းသွားပြီး ပေါင်သည်ဇွန်လတွင် ၇ ရာခိုင်နှုန်းရှိရာမှ မှ ဇူလိုင်လတွင် ၆ ဒသမ ၄၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဂျပန်ယန်းရှယ်ယာ သည်လည်း ၃ ဒသမ ၄၆ ရာခိုင်နှုန်းမှ ၂ ဒသမ ၈၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း၊ ယူရိုဇုန်အတွင်း ပေးချေမှုများ မပါဝင်သော နိုင်ငံတကာငွေပေးချေမှုများအရ ယွမ်သည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ရှယ်ယာ ၁ ဒသမ ၅၁ ရာခိုင်နှုန်းဖြင့် အဆင့်ခြောက် (ဆဋ္ဌမ)နေရာတွင်ရှိကြောင်း၊ ကမ္ဘာတစ်ဝှမ်းတွင် မတည်ငြိမ်မှုများရှိနေသော်လည်း အခြားအဓိကငွေကြေး များနှင့်နှိုင်းယှဉ်ပါက ယွမ် ၏ဝေစုတိုးလာခြင်းသည် တည်ငြိမ်သောငွေလဲနှုန်းဖြင့် ကမ္ဘာတစ်ဝှမ်းတွင် ယွမ်၏အသိအမှတ်ပြုမှု နှင့် လက်ခံမှုမှာ တည်ငြိမ်သောတိုးတက်မှုကို ကွက်ကွက်ကွင်းကွင်း သက်သေပြခြင်းဖြစ်ကြောင်း တွေ့မြင်ရကြောင်း ဝူဟန်သိပ္ပံ နှင့် နည်းပညာတက္ကသိုလ်မှ ဒါရိုက်တာတစ်ဦးက မှတ်ချက်ပြုပါသည်။ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုတွင် နယ်စပ်ကုန်သွယ်မှု အချို့ကိုပါ ထွက်ချက်ပါက ယွမ်၏အသုံးပြုမှုဝေစုသည် ပို၍ပင် များပြားပါကြောင်း၊ တရုတ်ငွေကြေး၏ ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုမှု ကြီးထွားလာမှု၏ အဓိကမှာ IMF သည် Special Drawing Rights-SDR ငွေကြေးခြင်းတောင်းတွင်

တရုတ်ယွမ်ငွေကြေးကို ၁၀ ဒသမ ၉၂ ရာခိုင်နှုန်းမှ ၁၂ ဒသမ ၂၈ ရာခိုင်နှုန်းသို့ တန်ဖိုးမြှင့်တင်ခဲ့ကြောင်း၊ ယင်းခြင်းတောင်း ထဲတွင် တရုတ်ငွေကြေးကို ထည့်သွင်းခဲ့ချိန် ၂၀၁၆ ခုနှစ်မှစ၍ ပထမဆုံးအကြိမ် ပြုလုပ်သော SDR တန်ဖိုးပုံမှန် ဆန်းစစ်ခြင်းတွင် ထိုသို့မြှင့်တင်ပေးခဲ့ကြောင်း ယင်းခြင်းတောင်းထဲတွင် ၂၀၁၆ ခုနှစ်မှစတင်၍ တရုတ်ငွေကြေးကို ထည့်သွင်းခဲ့ကြောင်း တရုတ်နိုင်ငံ၏ ဗဟိုဘဏ်က ၂၀၂၂ ခုနှစ်၊ မေလတွင် ထုတ်ပြန်ချက်တစ်ခုအရ သိရှိရပါသည်။

GT Everbright Bank မှ မက်ခရိုစီးပွားရေးလေ့လာသုံးသပ်သူ Zhou Maohua မှ ရှယ်ယာများတိုးလာခြင်းသည် ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများကြားတွင် ယွမ်၏ နိုင်ငံတကာသို့ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာခြင်းကို သက်သေပြနေသော်လည်း ကမ္ဘာလုံးဆိုင်ရာငွေပေးချေမှုတွင် ယွမ်အချိုးသည် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့်ကုန်သွယ်မှုပမာဏနှင့် မကိုက်ညီသေးကြောင်း၊ ကြီးမားသော တိုးတက်မှုအလားအလာကို ညွှန်ပြ၍ ပြောကြားခဲ့ကြောင်း၊ ပေးချေမှုအချိုးအစားသည် အမေရိကန်ဒေါ်လာနှင့် ယူရိုနှင့်နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်ရန် နေရာများစွာကျန်ရှိနေသေးကြောင်း၊ နိုင်ငံတကာ ငွေပေးချေမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အရန်ငွေများတွင် ယွမ်၏အခန်းကဏ္ဍသည် ဆက်လက်တိုးမြင့်လာမည်ဟု ခန့်မှန်းထားကြောင်း Zhou က ပြောကြားခဲ့သည်။

ပို၍မှတ်သားထိုက်သည်မှာ ရုရှားသည် ယွမ်ငွေပေးချေမှုအတွက် တတိယအကြီးဆုံးဈေးကွက်ဖြစ်လာခဲ့ကြောင်း၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသသည် တရုတ်ပြည်မကြီးပြင်ပတွင် ယွမ်ငွေလွှဲပြောင်းမှု၏ ထိပ်တန်းရင်းမြစ်ဖြစ်ပြီး စုစုပေါင်း၏ ၇၃ ဒသမ ၈ ရာခိုင်နှုန်းရှိကာ ယင်းနောက်တွင် ဗြိတိန်က ၆ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ဒုတိယဖြစ်ပါကြောင်း၊ အမေရိကန်ဦးဆောင်သော အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် တရုတ်နှင့် ရုရှားကြား တည်ငြိမ်သော ကုန်သွယ်မှု ခုန်တက်သွားခြင်းဖြစ်သည်ဟု လေ့လာသူများက သုံးသပ်ကြကြောင်း၊ ဇူလိုင်လတွင် တရုတ်နှင့် ရုရှားကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၉ ဘီလီယံ ရှိခဲ့ကြောင်း၊ ယင်းတို့အနက် ရုရှားနိုင်ငံသို့ တရုတ်နိုင်ငံ၏ ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၇ ဘီလီယံရှိပြီး ရုရှားမှ တရုတ်၏ သွင်းကုန်ပမာဏမှာ ကန်ဒေါ်လာ ၁၀ ဒသမ ၀၂ ဘီလီယံရှိခဲ့ကြောင်း ဇွန်လမှစတင်ကာ နှစ်ခုစလုံး တိုးတက်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ပထမ (၇) လတွင် တရုတ်နှင့် ရုရှားကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ်နှိုင်းယှဉ်ပါက ၂၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၉၇ ဒသမ ၇၁ ဘီလီယံအထိရှိပြီး ယခုနှစ်ပထမနှစ်ဝက်ထက် ၁ ဒသမ ၈ ရာခိုင်နှုန်း အရှိန်မြှင့်ခဲ့ကြောင်း၊ ရုရှားကုမ္ပဏီများနှင့် ဘဏ်များသည် ဇူလိုင်လတွင် နိုင်ငံတကာ ယွမ်ငွေပေးချေမှု၏ ၄ ရာခိုင်နှုန်းနီးပါးတွင် ပါဝင်ပတ်သက်နေကြောင်း SWIFT ၏ အစီရင်ခံစာကပြသခဲ့ကြောင်း ၎င်းသည် ယခင်လကထက် ၁ ဒသမ ၄၂ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ပြီး ရုရှား-ယူကရိန်း ပဋိပက္ခစတင်ခဲ့သည့် ဖေဖော်ဝါရီလတွင် သုညမှ တိုးလာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ရုရှားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ဆက်လက်ရှိနေပါက ရှယ်ယာအသုံးပြုမှုမှာ ဆက်လက်တိုးလာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကြား ကုန်သွယ်မှုတွင် ပြည်တွင်းသုံးငွေ ပေးချေမှုဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံကုန်သည်များအတွက် နိုင်ငံခြားကုန်သွယ်မှု တည်ငြိမ်စေရန်နှင့် အမေရိကန်ဒေါ်လာကြီးစိုးနေခြင်းကို ရှောင်ရှားရန် ပိုမိုဆင်ပြေစေကြောင်း လေ့လာသူများက မှတ်ချက်ပြုခဲ့သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Wang Wentao သည် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ အစောပိုင်းတွင် ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Maxim Reshetnikov နှင့် အွန်လိုင်းမှတဆင့် တွေ့ဆုံမှုအတွင်း တရုတ်-ရုရှား ကုန်သွယ်မှုသည် ယခုနှစ်အစပိုင်းမှစပြီး တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားကြောင်း ပြောကြားခဲ့ပြီး ဒစ်ဂျစ်တယ် စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု၊ နယ်စပ်ဖြတ်ကျော် e-commerce နှင့် ဝန်ဆောင်မှုများတွင် ကုန်သွယ်မှု စသည့် တိုးတက်မှုနယ်ပယ်သစ်များသို့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရင်း အဓိကကုန်စည်ကုန်သွယ်မှုကို ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သင့်ပြီး တရုတ်-ရုရှား စီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရန်၊ Wang က ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် [www.globaltimes.cn/page/202208/1273401.shtml](www.globaltimes.cn/page/202208/1273401.shtml)

Source: ဒေါက်တာဝေရီလင်း–(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၂၊ ဩဂုတ်လ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 98,303,537.341 | 662.524 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 16,890,312.250 | 189.825 |
| 3 | မတ်ပဲ | မတန် | 53,908.708 | 48.848 |
| 4 | ငါး | မတန် | 29,534.707 | 34.739 |
| 5 | ပဲစင်းငုံ | မတန် | 28,686.403 | 23.161 |
| 6 | ပဲတီစိမ်း | မတန် | 28,112.556 | 22.395 |
| 7 | ဆန်ကွဲ | မတန် | 62,623.650 | 20.845 |
| 8 | ရာဘာစိမ်း | မတန် | 12,364.350 | 18.056 |
| 9 | ပြောင်း | မတန် | 49,421.343 | 16.526 |
| 10 | ဆန် | မတန် | 41,543.650 | 16.211 |

| စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|
| 1 | ရေနံထွက်ပစ္စည်းများ | 479.054 |
| 2 | ချည်ထည်များ | 122.378 |
| 3 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 81.612 |
| 4 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 55.868 |
| 5 | ဓါတ်မြေသြဇာများ | 53.607 |
| 6 | ဆေးဝါးပစ္စည်းများ | 52.063 |
| 7 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 50.818 |
| 8 | ဓါတုဗေဒပစ္စည်းများ | 49.378 |
| 9 | စက်နှင့်စက်ပစ္စည်းများ | 47.174 |
| 10 | သံနှင့် သံမဏိပစ္စည်းများ | 40.671 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၆-၈-၂၀၂၂ ) ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၆--၈-၂၀၂၁ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 1457.673 | 1447.892 | 9.781 |
| ၂ | တိရိစ္ဆာန်ထွက် | 16.370 | 2.563 | 13.807 |
| ၃ | ရေထွက် | 260.082 | 261.733 | -1.651 |
| ၄ | သတ္တုတွင်းထွက် | 146.940 | 311.934 | -164.994 |
| ၅ | သစ်တောထွက် | 63.662 | 49.145 | 14.517 |
| ၆ | စက်မှုကုန်ချော | 4701.290 | 3099.849 | 1601.441 |
| ၇ | အခြား | 206.849 | 261.749 | -54.900 |
| | **စုစုပေါင်း** | **6852.866** | **5434.865** | **1418.001** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၆--၈-၂၀၂၂)ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၆--၈-၂၀၂၁ )ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြုပ်နှံမှုကုန်ပစ္စည်း | 1256.693 | 1542.869 | -286.176 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 3173.181 | 2056.429 | 1116.752 |
| ၃ | လူသုံးကုန်ပစ္စည်း | 1255.923 | 1393.022 | -137.099 |
| ၄ | CMP | 1166.931 | 580.722 | 586.209 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **6852.728** | **5573.042** | **1279.686** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၂၊ ဩဂုတ်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂-၈-၂၀၂၂) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 57000–58000 |
| မြောင်းမြ | - | 62000–63000 |
| ဒေးဒရဲ | - | 57000–58000 |
| ဝါးခယ်မ | 36000–37000 | 54000–56000 |
| ဘိုကလေး | 36000–36500 | 59000–60000 |
| မော်ကျွန်း | 36000–36500 | 59000–60000 |
| လပွတ္တာ | - | 60000–61000 |
| ကျိုက်လတ် | 36000–36500 | 55000–58000 |
| ဘုရင့်နောင် | 36000–36500 | 78000–85000 (ရွှေဘို) |

**Source: MRF**

### ၂၀၂၂၊ ဩဂုတ်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 1.8.2022 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 |
| 2 | 8.8.2022 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 |
| 3 | 15.8.2022 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 | 1250-13500 |
| 4 | 22.8.2022 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 |
| 5 | 29.8.2022 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 |

Source: MRPPA

## ၂၀၂၂၊ ဩဂုတ်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခုံနီ(ရှယ်)(သစ်) | | | ဧည့်မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.8.2022 | 57000 | 56000 | 55000 | 46000 | 45500 | 45000 | 33000 | 32500 | 32000 | 35000 | 34000 | 33000 |
| 2 | 2.8.2022 | 57000 | 56000 | 55000 | 46000 | 45500 | 45000 | 34000 | 33500 | 32500 | 35000 | 34000 | 33000 |
| 3 | 3.8.2022 | 57000 | 56000 | 55000 | 46000 | 45500 | 45000 | 34000 | 33500 | 32500 | 35000 | 34000 | 33000 |
| 4 | 4.8.2022 | 57000 | 56000 | 55000 | 46000 | 45500 | 45000 | 34000 | 33500 | 32500 | 35000 | 34000 | 33000 |
| 5 | 5.8.2022 | 57000 | 56000 | 55000 | 46000 | 45500 | 45000 | 34000 | 33500 | 32500 | 35000 | 34000 | 33000 |
| 6 | 8.8.2022 | 58000 | 57000 | 56000 | 48000 | 47000 | 46500 | 35000 | 34500 | 34000 | 35000 | 34000 | 33000 |
| 7 | 9.8.2022 | 58000 | 57000 | 56000 | 48000 | 47000 | 46500 | 35000 | 34500 | 34000 | 35000 | 34000 | 33000 |
| 8 | 10.8.2022 | 58000 | 57000 | 56000 | 48000 | 47000 | 46500 | 35000 | 34500 | 34000 | 35000 | 34000 | 33000 |
| 9 | 11.8.2022 | 58000 | 57000 | 56000 | 48000 | 47000 | 46500 | 35000 | 34500 | 34000 | 35000 | 34000 | 33000 |
| 10 | 12.8.2022 | 58000 | 57000 | 56000 | 48000 | 47000 | 46500 | 35000 | 34500 | 34000 | 35000 | 34000 | 33000 |
| 11 | 15.8.2022 | 58000 | 57000 | 56000 | 50000 | 49500 | 49000 | 38000 | 37500 | 36500 | 35500 | 35000 | 34000 |
| 12 | 16.8.2022 | 58000 | 57000 | 56000 | 50000 | 49500 | 49000 | 38000 | 37500 | 36500 | 35500 | 35000 | 34000 |
| 13 | 17.8.2022 | 58000 | 57000 | 56000 | 50000 | 49500 | 49000 | 38000 | 37500 | 36500 | 35500 | 35000 | 34000 |
| 14 | 18.8.2022 | 58000 | 57000 | 56000 | 50000 | 49500 | 49000 | 38000 | 37500 | 36500 | 35500 | 35000 | 34000 |
| 15 | 19.8.2022 | 58000 | 57000 | 56000 | 50000 | 49500 | 49000 | 38000 | 37500 | 36500 | 35500 | 35000 | 34000 |
| 16 | 22.8.2022 | 61000 | 60000 | 58000 | 51000 | 50500 | 50000 | 39000 | 38500 | 38000 | 36000 | 35500 | 35000 |
| 17 | 23.8.2022 | 61000 | 60000 | 58000 | 51000 | 50500 | 50000 | 39000 | 38500 | 38000 | 36000 | 35500 | 35000 |
| 18 | 24.5.2022 | 61000 | 60000 | 58000 | 51000 | 50500 | 50000 | 39000 | 38500 | 38000 | 36000 | 35500 | 35000 |
| 19 | 25.8.2022 | 61000 | 60000 | 58000 | 51000 | 50500 | 50000 | 39000 | 38500 | 38000 | 36000 | 35500 | 35000 |
| 20 | 26.8.2022 | 61000 | 60000 | 58000 | 51000 | 50500 | 50000 | 39000 | 38500 | 38000 | 36000 | 35500 | 35000 |
| 21 | 29.8.2022 | 61000 | 60000 | 58000 | 52500 | 51500 | 50000 | 41000 | 40000 | 39000 | 39000 | 38000 | 37000 |
| 22 | 30.8.2022 | 61000 | 60000 | 58000 | 52500 | 51500 | 50000 | 41000 | 40000 | 39000 | 39000 | 38000 | 37000 |
| 23 | 31.8.2022 | 61000 | 60000 | 58000 | 52500 | 51500 | 50000 | 41000 | 40000 | 39000 | 39000 | 38000 | 37000 |

**Source:** Myanmar Rice

## ၂၀၂၂၊ ဩဂုတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2022 | 2022 | | | | |
| 1 | 1.8.2022 | 1666000 | 1580000 | 1580000-1635100 | 1632000-1684100 | 1632000-1736100 | 1436100-1598300 |
| 2 | 2.8.2022 | 1650000 | 1572500 | 1580000-1635100 | 1632000-1684100 | 1684100-1736100 | 1436100-1598300 |
| 3 | 3.8.2022 | 1640000 | 167500 | 1531000-1583000 | 1632000-1684100 | 1632000-1684100 | 1543200-1598300 |
| 4 | 4.8.2022 | 1645500 | 1580000 | 1531000-1583000 | 1632000-1684100 | 1632000-1684100 | 1543200-1598300 |
| 5 | 5.8.2022 | 1667500 | 1612500 | 1580000-1635100 | 1632000-1684100 | 1684100-1736100 | 1436100-1598300 |
| 6 | 8.8.2022 | 1760000 | 1890000 | 1580000-1635100 | 1684100-1736100 | 1684100-1736100 | 1436100-1598300 |
| 7 | 9.8.2022 | 1787000 | 1870000 | 1580000-1635100 | 1684100-1736100 | 1684100-1736100 | 1436100-1598300 |
| 8 | 10.8.2022 | 1792000 | 1895000 | 1580000-1635100 | 1714700-1736100 | 1733100-1837200 | 1436100-1598300 |
| 9 | 11.8.2022 | 1800500 | 1907500 | 1580000-1635100 | 1714700-1736100 | 1733100-1837200 | 1436100-1598300 |
| 10 | 12.8.2022 | 1822500 | 1930000 | 1580000-1635100 | 1714700-1736100 | 1886200-1990300 | 1436100-1598300 |
| 11 | 15.8.2022 | 1835000 | 1970000 | 1580000-1635100 | 1714700-1736100 | 1990300-2042300 | 1436100-1598300 |
| 12 | 16.8.2022 | 1853200 | 1970000 | 1632000-1696300 | 1714700-1736100 | 1990300-2042300 | 1436100-1598300 |
| 13 | 17.8.2022 | 1786000 | 1940000 | 1632000-1696300 | 1714700-1736100 | 2039300-2143400 | 1436100-1598300 |
| 14 | 18.8.2022 | 1829200 | 1960000 | 1632000-1696300 | 1714700-1736100 | 2039300-2143400 | 1436100-1598300 |
| 15 | 19.8.2022 | 1853000 | 1960000 | 1632000-1696300 | 1714700-1736100 | 2039300-2143400 | 1436100-1598300 |
| 16 | 22.8.2022 | 1835000 | 1972500 | 1580000-1604500 | 1714700-1736100 | 2039300-2143400 | 1436100-1598300 |
| 17 | 23.8.2022 | 1843500 | 1970000 | 1580000-1604500 | 1714700-1736100 | 2039300-2143400 | 1436100-1598300 |
| 18 | 24.5.2022 | 1840000 | 1935000 | 1580000-1604500 | 1714700-1736100 | 2039300-2143400 | 1436100-1598300 |
| 19 | 25.8.2022 | 1856000 | 1930000 | 1580000-1635100 | 1714700-1736100 | 2039300-2143400 | 1436100-1598300 |
| 20 | 26.8.2022 | 1860000 | 1940000 | 1580000-1635100 | 1714700-1736100 | 2039300-2143400 | 1436100-1598300 |
| 21 | 29.8.2022 | 1920000 | 1990000 | 1580000-1635100 | 1733100-1837200 | 2039300-2143400 | 1436100-1598300 |
| 22 | 30.8.2022 | 1953000 | 2025000 | 1580000-1684100 | 1733100-1837200 | 2039300-2143400 | 1436100-1598300 |
| 23 | 31.8.2022 | 210000 | 2120000 | 1603400-1684100 | 1837200-1889200 | 2039300-2143400 | 1436100-1598300 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ဩဂုတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.8.2022 | 2599600-2709800 | 1172700-1224800 | 1120700-1206400 | 1580000-1635100 | 489900-502200 |
| 2 | 2.8.2022 | 2599600-2709800 | 1172700-1224800 | 1120700-1206400 | 1580000-1635100 | 489900-502200 |
| 3 | 3.8.2022 | 2599600-2709800 | 1172700-1255400 | 1120700-1206400 | 1580000-1635100 | 508300-520500 |
| 4 | 4.8.2022 | 2599600-2709800 | 1172700-1255400 | 1120700-1206400 | 1580000-1635100 | 489900-502200 |
| 5 | 5.8.2022 | 2599600-2709800 | 1172700-1224800 | 1120700-1206400 | 1580000-1635100 | 489900-502200 |
| 6 | 8.8.2022 | 2706800-2820100 | 1203300-1267600 | 1172700-1276800 | 1580000-1635100 | 526700-538900 |
| 7 | 9.8.2022 | 2706800-2820100 | 1203300-1267600 | 1172700-1276800 | 1580000-1635100 | 526700-538900 |
| 8 | 10.8.2022 | 2706800-2820100 | 1224800-1267600 | 1224800-1276800 | 1580000-1635100 | 526700-538900 |
| 9 | 11.8.2022 | 2706800-2820100 | 1714700-1736100 | 1224800-1276800 | 1580000-1635100 | 526700-538900 |
| 10 | 12.8.2022 | 2706800-2820100 | 1264600-1307500 | 1224800-1276800 | 1632000-1684100 | 526700-538900 |
| 11 | 15.8.2022 | 2706800-2820100 | 1273800-1328900 | 1273800-1377900 | 1632000-1684100 | 551200-563400 |
| 12 | 16.8.2022 | 2706800-2820100 | 1304400-1377900 | 1325800-1429900 | 1632000-1684100 | 551200-563400 |
| 13 | 17.8.2022 | 2706800-2820100 | 1304400-1377900 | 1325800-1429900 | 1632000-1684100 | 551200-563400 |
| 14 | 18.8.2022 | 2706800-2820100 | 1304400-1377900 | 1325800-1429900 | 1632000-1684100 | 563400-575600 |
| 15 | 19.8.2022 | 2706800-2820100 | 1304400-1377900 | 1325800-1429900 | 1684100-1736100 | 563400-575600 |
| 16 | 22.8.2022 | 2706800-2820100 | 1325800-1408500 | 1325800-1429900 | 1684100-1736100 | 575600-587900 |
| 17 | 23.8.2022 | 2706800-2820100 | 1325800-1408500 | 1325800-1429900 | 1684100-1736100 | 575600-587900 |
| 18 | 24.5.2022 | 2706800-2820100 | 1356400-1429900 | 1325800-1429900 | 1684100-1736100 | 575600-587900 |
| 19 | 25.8.2022 | 2706800-2820100 | 1356400-1429900 | 1325800-1429900 | 1733100-1788200 | 587900-600100 |
| 20 | 26.8.2022 | 2706800-2820100 | 1356400-1429900 | 1325800-1429900 | 1733100-1788200 | 587900-600100 |
| 21 | 29.8.2022 | 2706800-2820100 | 1356400-1429900 | 1325800-1429900 | 1733100-1788200 | 612400-624600 |
| 22 | 30.8.2022 | 2706800-2820100 | 1356400-1429900 | 1325800-1429900 | 1733100-1788200 | 612400-624600 |
| 23 | 31.8.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1733100-1788200 | 612400-624600 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York |
|---|---|---|---|
| 1 | 1.8.2022 | 1765 | 1768 |
| 2 | 2.8.2022 | 1777 | 1780 |
| 3 | 3.8.2022 | 1771 | 1773 |
| 4 | 4.8.2022 | 1773 | 1776 |
| 5 | 5.8.2022 | 1793 | 1796 |
| 6 | 8.8.2022 | 1776 | 1779 |
| 7 | 9.8.2022 | 1788 | 1792 |
| 8 | 10.8.2022 | 1788 | 1792 |
| 9 | 11.8.2022 | 1789 | 1792 |
| 10 | 12.8.2022 | 1793 | 1798 |
| 11 | 15.8.2022 | 1796 | 1799 |
| 12 | 16.8.2022 | 1785 | 1788 |
| 13 | 17.8.2022 | 1778 | 1781 |
| 14 | 18.8.2022 | 1763 | 1781 |
| 15 | 19.8.2022 | 1757 | 1761 |
| 16 | 22.8.2022 | 1749 | 1752 |
| 17 | 23.8.2022 | 1741 | 1744 |
| 18 | 24.5.2022 | 1748 | 1751 |
| 19 | 25.8.2022 | 1758 | 1762 |
| 20 | 26.8.2022 | 1758 | 1761 |
| 21 | 29.8.2022 | 1728 | 1731 |
| 22 | 30.8.2022 | 1738 | 1761 |
| 23 | 31.8.2022 | 1727 | 1761 |

Source: Bullionvault,

မှတ်ချက်။ e-trademyanmar မှ ရန်ကုန်၊ မန္တလေး ရွှေဈေးမတက်ပါသဖြင့် ဖော်ပြခြင်းမရှိပါ။ ဈေးနှုန်းထွက်ရှိပါက ပြန်လည်တင်ပြပေးပါမည်။

## ၂၀၂၂ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.8.2022 to 5.8.2022 | 8.8..2022 to 12.8.2022 | 15.8..2022 to 19.8.2022 | 22.8..2022 to 26.8.2022 | 29.8.2022 to 31.8.2022 |
|---|---|---|---|---|---|---|
| မတ်ပဲ (2022 crop) | FAQ | 870-890 | 815-835 | 785-805 | 780-800 | 785-805 |
| | SQ | 1015-1035 | 960-980 | 920-940 | 920-940 | 925-945 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 960-1010 | 905-955 | 875-925 | 850-900 | 850-900 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1060-1110 | 1000-1050 | 970-1020 | 945-995 | 950-1000 |
| | အခွံပါ အခြမ်း | 860-910 | 855-905 | 825-875 | 800-850 | 800-850 |
| ပဲတီစိမ်း 2022 Crop | FAQ (အညာ) | 825-850 | 775-800 | 740-760 | 740-760 | 730-750 |
| | ရွှေဂါအသေး (Under 3.5 mm) | 880-910 | 825-850 | 800-825 | 800-825 | 800-825 |
| | ရွှေဂါအကြီး (Size 3.5 mm &up) | 1025-1050 | 1000-1025 | 990-1015 | 990-1015 | 990-1015 |
| | ရွှေဂါအကြီး (Size 3.25 mm &up) | 955-980 | 930-955 | 920-945 | 920-945 | 920-945 |
| ပဲတီစိမ်း 2022 Crop | FAQ ပဲနောက် | 600-650 | 570-620 | 570-620 | 570-620 | 570-620 |
| | SQ ပဲနောက် | 750-800 | 730-780 | 730-780 | 730-780 | 730-780 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 825-875 | 825-875 | 820-870 | 820-870 | 820-870 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 1030-1080 | 980-1030 | 975-1025 | 975-1025 | 975-1025 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 875-925 | 850-900 | 845-895 | 845-895 | 845-895 |
| ပဲစင်းငုံ (2022 crop) | အနီ (FAQ) | 850-870 | 855-875 | 840-860 | 820-840 | 815-835 |
| | ဖြူနီ /အဖြူ (FAQ) | 840-860 | 835-855 | 790-810 | 780-800 | 780-800 |
| | အခွံချွတ်အခြမ်း | | 1200-1225 | 1200-1225 | 1175-1200 | 1175-1200 |
| ကုလားပဲဖြူလုံးကြီး | FAQ | 750-800 | 850-900 | 875-925 | 875-925 | 800-825 |
| | အခွံချွတ်အခြမ်း | | 1100-1125 | 1125-1150 | 1125-1150 | 1075-1100 |
| ပဲလွန်းဖြူ | FAQ | 670-700 | 670-700 | 670-700 | 670-700 | 625-650 |
| | SQ | 780-800 | 750-780 | 750-780 | 750-780 | 750-780 |
| | အခွံချွတ်အခြမ်း | 990-1010 | 930-950 | 930-950 | 930-950 | 930-950 |
| ပဲလွန်းနီ | FAQ | 750-780 | 640-670 | 640-670 | 640-670 | 640-670 |
| ပဲထောပတ် | FAQ | 860-880 | 780-800 | 780-800 | 780-800 | 780-800 |
| | အခွံချွတ်အခြမ်း | 860-880 | 865-855 | 865-855 | 865-855 | 865-855 |
| ပြောင်းဆံ | | 300-320 | 290-310 | 300-320 | 300-320 | 300-320 |
| နှမ်းဖြူ | | 1500-1550 | 1450-1500 | 1525-1575 | 1600-1650 | 1575-1625 |
| နှမ်းနက် (စမုံ) | | 1750-1800 | 1700-1750 | 1750-1800 | 1775-1825 | 1725-1775 |
| နှမ်းညို | | 1400-1425 | 1400-1425 | 1400-1425 | 1475-1500 | 1400-1450 |
| နှမ်းနက် (ရိုးရိုး) | | 1300-1350 | 1250-1300 | 1250-1300 | 1250-1300 | |
| ပဲကြီး | | | | | | |
| ပဲယင်း | | 775-800 | 750-775 | 700-725 | 750-775 | 725-750 |
| ဘိုကိတ် | | | | | | |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 3.8.2022 to 9.8.2022 | 10.8.2022 to 16.8.2022 | 17.8.2022 to 23.8.2022 | 24.8.2022 to 30.8.2022 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 383.390 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 380.383 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 375-380 | 375-380 | 375-380 | 375-380 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 370-375 | 370-375 | 370-375 | 370-375 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 365-370 | 365-370 | 365-370 | 360.365 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 355-360 | 355-360 | 355-360 | 350-355 |
| 7 | Myanmar Long Grain White Rice 10% Broken(Reasonable Well Milled) | - | 350-355 | 350-355 | 345-350 |
| 8 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 345-350 | 345-350 | 345-350 | 342-345 |
| 9 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 325-330 | 325-330 | 325-330 | 325-330 |
| 10 | Myanmar Long Grain White Rice 35% Broken(Reasonable Well Milled) | 320-325 | 320-325 | 320-325 | 320-325 |
| 11 | Myanmar Long Grain Brown Rice 5% Broken | 340-350 | 340-350 | 340-350 | 340-350 |
| 12 | Myanmar Long Grain Brown Rice 10% Broken | 335-340 | 335-340 | 335-340 | 335-340 |
| 13 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 380-395 |
| 14 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 375-380 |
| 15 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 370-375 |
| 16 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 365-370 |
| 17 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 380-385 |
| 18 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 375-380 |
| 19 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 370-375 |
| 20 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 365-370 |
| 21 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 390-395 | 390-395 | 390-395 | 385-390 |
| 22 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 380-385 |
| 23 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 375-380 |
| 24 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 370-375 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 390-395 | 390-395 | 390-395 | 385-390 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 380-385 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 375-380 |
| 28 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 370-375 |
| 29 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 430-435 | 430-435 | 430-435 | 450-460 |
| 30 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 425-430 | 425-430 | 425-430 | 445-455 |
| 31 | Myanmar Long Grain Parboiled Brown Rice 5% Broken | 395-405 | 395-405 | 395-405 | 400-405 |
| 32 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 430-435 | 430-435 | 430-435 | 460-465 |
| 33 | Myanmar Glutinous Rice 5% Broken | 380-400 | 380-400 | 380-400 | 380-400 |
| 34 | Myanmar Glutinous Rice 10 % Broken | 360-380 | 360-380 | 360-380 | 360-380 |
| 35 | Myanmar Glutinous Rice 15 % Broken | 350-360 | 350-360 | 350-360 | 350-360 |

**Source: MRF**

## ၂၀၂၂၊ ဩဂုတ်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil | Brent Crude Oil | RBOB Gasoline | Narural Gas | Heating Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (USd/ gal) | USD/ MMBtu) | (USd/ gal) |
| 1 | 1.8.2022 | 97.37 | 102.89 | 307.51 | 7.91 | 350.35 |
| 2 | 2.8.2022 | 93.07 | 99.01 | 298.23 | 8.15 | 341.61 |
| 3 | 3.8.2022 | 94.17 | 100.24 | 305.58 | 7.72 | 339.20 |
| 4 | 4.8.2022 | 90.98 | 96.99 | 292.41 | 8.26 | 341.37 |
| 5 | 5.8.2022 | 89.10 | 94.55 | 279.60 | 8.13 | 330.88 |
| 6 | 8.8.2022 | 89.21 | 95.19 | 286.36 | 7.89 | 320.43 |
| 7 | 9.8.2022 | 90.52 | 96.44 | 287.76 | 7.67 | 319.66 |
| 8 | 10.8.2022 | 91.81 | 96.44 | 287.66 | 7.65 | 319.80 |
| 9 | 11.8.2022 | 91.81 | 97.31 | 306.61 | 8.27 | 339.16 |
| 10 | 12.8.2022 | 93.84 | 99.12 | 306.33 | 8.71 | 346.47 |
| 11 | 15.8.2022 | 91.30 | 97.31 | 303.04 | 8.62 | 350.03 |
| 12 | 16.8.2022 | 88.90 | 94.34 | 294.26 | 8.83 | 345.55 |
| 13 | 17.8.2022 | 87.13 | 92.84 | 290.05 | 9.45 | 348.61 |
| 14 | 18.8.2022 | 90.13 | 96.10 | 302.02 | 9.16 | 363.54 |
| 15 | 19.8.2022 | 90.17 | 96.27 | 301.89 | 9.17 | 363.49 |
| 16 | 22.8.2022 | 89.86 | 95.83 | 298.21 | 9.21 | 367.82 |
| 17 | 23.8.2022 | 90.23 | 97.38 | 290.08 | 9.90 | 378.37 |
| 18 | 24.5.2022 | 93.47 | 99.83 | 291.71 | 9.28 | 381.10 |
| 19 | 25.8.2022 | 95.26 | 101.68 | 284.85 | 9.26 | 403.09 |
| 20 | 26.8.2022 | 93.31 | 100.15 | 282.95 | 9.57 | 395.62 |
| 21 | 29.8.2022 | 94.09 | 101.85 | 287.11 | 9.55 | 401.83 |
| 22 | 30.8.2022 | 96.56 | 104.21 | 287.17 | 9.35 | 392.90 |
| 23 | 31.8.2022 | 92.51 | 100.01 | 272.25 | 9.07 | 381.71 |

**Source: Bloomberg Commodities**

## ၂၀၂၂၊ ဩဂုတ်လအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 02 Aug 2022 | 120.80 | * | 213.70 | * | 153.45 |
| 2 | 03 Aug 2022 | 121.42 | * | 213.10 | * | 153.00 |
| 3 | 04 Aug 2022 | 122.24 | * | 211.85 | * | 153.05 |
| 4 | 05 Aug 2022 | 122.11 | * | 213.60 | * | 153.95 |
| 5 | 06 Aug 2022 | * | * | 214.85 | * | * |
| 6 | 08 Aug 2022 | 121.20 | * | 213.65 | * | 154.95 |
| 7 | 09 Aug 2022 | 120.70 | * | * | * | 155.50 |
| 8 | 10 Aug 2022 | 119.66 | * | 212.55 | * | 152.85 |
| 9 | 11 Aug 2022 | 119.90 | * | 211.35 | * | 153.45 |
| 10 | 12 Aug 2022 | 118.59 | * | 209.55 | * | 152.55 |
| 11 | 13 Aug 2022 | * | * | 208.30 | * | * |
| 12 | 15 Aug 2022 | 118.04 | * | * | * | 151.55 |
| 13 | 16 Aug 2022 | 116.32 | * | 205.75 | * | 150.35 |
| 14 | 17 Aug 2022 | 116.10 | * | 205.85 | * | 149.80 |
| 15 | 18 Aug 2022 | 115.93 | * | 204.60 | * | 149.15 |
| 16 | 19 Aug 2022 | 114.59 | * | 203.15 | * | 147.95 |
| 17 | 20 Aug 2022 | * | * | 201.85 | * | * |
| 18 | 22 Aug 2022 | 114.95 | * | 201.60 | * | 148.50 |
| 19 | 23 Aug 2022 | 114.47 | * | 201.55 | * | 149.45 |
| 20 | 24 Aug 2022 | 113.78 | * | 201.75 | * | 147.10 |
| 21 | 25 Aug 2022 | 112.57 | * | 201.60 | * | 145.90 |
| 22 | 26 Aug 2022 | 111.68 | * | 200.25 | * | 143.35 |
| 23 | 27 Aug 2022 | * | * | 198.95 | * | * |
| 24 | 29 Aug 2022 | 112.03 | * | 198.55 | * | 142.95 |
| 25 | 30 Aug 2022 | 111.35 | * | 198.20 | * | 139.70 |
| 26 | 31 Aug 2022 | * | * | 196.95 | * | * |

Source: Association of natural rubber producing countries

## ၂၀၂၂၊ ဩဂုတ်လ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 1.8.2022 | N/A | N/A |
| 2 | 2.8.2022 | N/A | N/A |
| 3 | 3.8.2022 | N/A | N/A |
| 4 | 4.8.2022 | N/A | N/A |
| 5 | 5.8.2022 | N/A | N/A |
| 6 | 8.8.2022 | 2600-2650 | 2600-2650 |
| 7 | 9.8.2022 | 2550-2600 | 2550-2600 |
| 8 | 10.8.2022 | 2600-2650 | 2600-2650 |
| 9 | 11.8.2022 | 2650-2700 | 2650-2700 |
| 10 | 12.8.2022 | 2700-2750 | 2800-2850 |
| 11 | 15.8.2022 | 3000-3100 | 2970-3000 |
| 12 | 16.8.2022 | N/A | N/A |
| 13 | 17.8.2022 | N/A | N/A |
| 14 | 18.8.2022 | 2840-2860 | 2830-2850 |
| 15 | 19.8.2022 | 2900-2950 | 2930-2950 |
| 16 | 22.8.2022 | N/A | 2850-2900 |
| 17 | 23.8.2022 | N/A | 2940-2960 |
| 18 | 24.5.2022 | N/A | 2980-3000 |
| 19 | 25.8.2022 | N/A | 3000-3050 |
| 20 | 26.8.2022 | 3050-3100 | 3080-3120 |
| 21 | 29.8.2022 | N/A | N/A |
| 22 | 30.8.2022 | N/A | N/A |
| 23 | 31.8.2022 | N/A | N/A |

Source: e trade Myanmar

## ၂၀၂၂၊ ဩဂုတ်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.8.2022 | 1850.0 | 51.325 | 273.91 | 1344.0 | 23.404 | 1400.6 |
| 2 | 2.8.2022 | 1850.0 | 51.195 | 273.77 | 1341.0 | 23.515 | 1414.2 |
| 3 | 3.8.2022 | 1850.0 | 51.042 | 274.04 | 1339.9 | 23.410 | 1391.3 |
| 4 | 4.8.2022 | 1850.0 | 51.310 | 273.81 | 1340.9 | 23.252 | 1377.4 |
| 5 | 5.8.2022 | 2100.0 | 59.047 | 311.13 | 1526.1 | 26.522 | 1580.2 |
| 6 | 8.8.2022 | 2100.0 | 58.667 | 310.52 | 1521.6 | 26.374 | 1554.5 |
| 7 | 9.8.2022 | 2100.0 | 59.314 | 311.01 | 1524.4 | 26.411 | 1557.0 |
| 8 | 10.8.2022 | 2100.0 | 59.072 | 310.84 | 1524.6 | 26.422 | 1557.1 |
| 9 | 11.8.2022 | 2100.0 | 59.642 | 311.59 | 1533.5 | 26.272 | 1583.3 |
| 10 | 12.8.2022 | 2100.0 | 59.398 | 311.62 | 1532.2 | 26.356 | 1574.2 |
| 11 | 15.8.2022 | 2100.0 | 59.122 | 310.11 | 1525.0 | 26.375 | 1574.5 |
| 12 | 16.8.2022 | 2100.0 | 59.263 | 309.44 | 1522.3 | 26.451 | 1566.9 |
| 13 | 17.8.2022 | 2100.0 | 59.280 | 309.88 | 1520.5 | 26.427 | 1558.0 |
| 14 | 18.8.2022 | 2100.0 | 58.906 | 309.24 | 1519.3 | 26.354 | 1553.0 |
| 15 | 19.8.2022 | 2100.0 | 58.906 | 308.52 | 1513.5 | 26.317 | 1539.5 |
| 16 | 22.8.2022 | 2100.0 | 58.180 | 307.01 | 1505.4 | 26.284 | 1533.7 |
| 17 | 23.8.2022 | 2100.0 | 58.140 | 306.76 | 1504.9 | 26.299 | 1530.1 |
| 18 | 24.5.2022 | 2100.0 | 58.285 | 305.96 | 1506.9 | 26.322 | 1539.5 |
| 19 | 25.8.2022 | 2100.0 | 58.635 | 306.61 | 1512.0 | 26.288 | 1539.9 |
| 20 | 26.8.2022 | 2100.0 | 58.358 | 306.04 | 1510.6 | 26.307 | 1533.9 |
| 21 | 29.8.2022 | 2100.0 | 57.574 | 303.43 | 1500.7 | 26.265 | 1513.8 |
| 22 | 30.8.2022 | 2100.0 | 57.748 | 304.17 | 1505.5 | 26.406 | 1518.4 |
| 23 | 31.8.2022 | 2100.0 | 57.534 | 304.40 | 1501.0 | 26.399 | 1514.6 |

Source: Central Bank of Myanmar